# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား DVB-T2 စနစ်တွင် HD Quality ရုပ်သံ(၂)လိုင်းမှ (၉) လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း (၁၁)လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံ (၇) လိုင်းမှ(၁၂) လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း(၁၉)လိုင်း ထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့**
ပြည်တွင်းသတင်း စာ ၅

**တို့ပြည်အခြေခိုင်မြဲ မယိုင်လဲအောင် ပေါင်းရုံးလို့ အားအင်ဖြည့်ကြပါစို့ . . .**
ဆောင်းပါး စာ ၁၀

**သမ္မတရွေးကောက်ပွဲအနိုင်ရရှိရန် လမ်းကြောင်းပေါ် ရောက်နေကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးပြော**
နိုင်ငံတကာသတင်း စာ ၁၈




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက **“အားလုံးချစ်သည် MRTV ”** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသည့် စက်ရုံများအနက် နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန် (ပြည်လမ်း) နှင့် မန္တလေးထပ်ဆင့်လွှင့်စက်ရုံသုံးရုံမှ Analogue စနစ်ဖြင့် ရုပ်သံ ထုတ်လွှင့်မှုအစီအစဉ်(Analogue Switch Off – ASO) စတင်ကြောင်း ကြေညာသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား DVB–T2 စနစ်တွင် HD Quality ရုပ်သံ(၂)လိုင်းမှ (၉) လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း(၁၁) လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံ (၇)လိုင်းမှ(၁၂)လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း(၁၉)လိုင်း ထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် “နုပျိုဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV” Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၏အစ “ရန်ကုန်ရေဒီယို (Rangoon Radio)” က ဟုခေါ်တွင်ခဲ့ရာမှ အမည်စတင်ပြင်ဆင်ခဲ့သည့် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်ကို မှတည်သတ်မှတ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း။

**ဝံ့ဝံ့ကြွားကြွားစိုက်ထူနိုင်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television– MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာနှင့် သမိုင်းကောင်းသည့် နိုင်ငံတော်မီဒီယာဌာနကြီးတစ်ခု ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခုဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈) နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

(၇၈) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အာဆီယံနိုင်ငံများ၌ “Analogue Switch Off–ASO” ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းရန် သဘောတူညီထားကြသည့် အစီအစဉ်ထဲမှ Pilot Project တစ်ခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့အတွက် ထုတ်လွှင့်နေသည့် ထပ်ဆင့်လွှင့်စက်ရုံသုံးရုံမှ Analogue စနစ် ထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန် ကြေညာပြီး အဆိုပါမြို့ကြီး သုံးမြို့တွင် ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Digital Video Broadcasting – Second Generation Terrestrial (DVB–T2)စနစ်ဖြင့် ထုတ်လွှင့်နေသည့်ရုပ်သံ (၁၈)လိုင်းထဲတွင် High Definition (HD) Quality နှင့် ရုပ်သံလိုင်း (၂)လိုင်းသာ ထုတ်လွှင့်နိုင်ရာမှ ယခုအခါ (၁၁) လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်နိုင်ရန်၊ နောက်ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Direct To Home (DTH) စနစ်ဖြင့် ရုပ်သံလိုင်း (၇) လိုင်းသာ ထုတ်လွှင့်နေရာမှ ယခုအခါ ရုပ်သံလိုင်း (၁၉) လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန်စသည်များကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

**❖ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television-MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာနှင့်သမိုင်းကောင်းသည့် နိုင်ငံတော်မီဒီယာဌာနကြီးတစ်ခုဖြစ်၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခုဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈) နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။

**ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ပေးနေ**

MRTV သည် Broadcast Media များဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့်ရာတွင် လူတိုင်းလက်လှမ်းမီစွာ အရှိန်အဟုန်ဖြင့် အသုံးပြုလာကြသော New Media ဟုခေါ်ကြသည့် Online Media တွင်လည်း “MRTV Application” အပါအဝင် Social Media Platform မှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးနေသည်ကိုလည်း တွေ့မြင်နေရကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု ပြောရမည်ဖြစ်ကြောင်း၊ မူလရည်မှန်းချက် ( ၃ ) ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန်တာဝန်များကို ရုပ်မြင်သံကြားမှ နည်းလမ်းပေါင်းစုံဖြင့် ထုတ်လွှင့်ဆောင်ရွက်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခါကြီးနှင့် အခမ်းအနားကြီးများတွင် ကဏ္ဍစုံမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြသည်ကိုလည်း တွေ့မြင်ရသည့်အတွက် ကျေနပ်အားရမိကြောင်း။

ထို့ပြင် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစား ထမ်းဆောင်နေကြသည့် “တပ်မတော်သား” များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် “နိုင်ငံ့ဝန်ထမ်း” များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုးအားထားပြုရမည့် “လူရည်ချွန်”များ ပျော်ရွှင်လန်းဆန်းတက်ကြွစေရန် အပန်းဖြေစခန်းများတွင် သွားရောက်ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရကြောင်း။

**အလေးထားဝန်ဆောင်မှုပေးနေ**

တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း MRTV အနေဖြင့် တိုင်းရင်းသားဘာသာစကား (၁၈) မျိုး အပါအဝင်စုစုပေါင်း ဘာသာစကား (၂၀) မျိုးနှင့် ထုတ်လွှင့်နိုင်သည်မှာလည်း နိုင်ငံတကာအလယ်တွင် ထူးခြားထင်ရှားပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို အလေးထားဝန်ဆောင်မှုပေးနေခြင်းဖြစ်သဖြင့် ရုပ်သံလွှင့်မီဒီယာအဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် နိုင်ငံနဲ့ ပြည်သူလူထုအကျိုးအတွက် နိုင်ငံတော်တာဝန်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ တာဝန်ယူဆောင်ရွက်နေရခြင်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့်အညီ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေး" ဟူသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်နှင့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင်ရန် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးဆုံးလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးရန်လိုကြောင်း။

**သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေး**

အားလုံးသိကြသည့်အတိုင်း ယနေ့နိုင်ငံတော်တွင် ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေခြင်းများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး နိုင်ငံကိုချောက်ထဲရောက်အောင် တွန်းပို့နေသောယုတ်ညံ့သည့်မီဒီယာများ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ ဆင်းရဲဒုက္ခများစွာရောက်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါအဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးခြင်းကြောင့် ပြည်သူလူထုအားလုံးက သိရှိနားလည်ကြရန် သတင်းတုသတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများ သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်" သမိုင်းပေးတာဝန်များကို သစ္စာရှိရှိဖြင့် ဝန်ထမ်းကောင်းများပီသစွာ ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေပွန်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစဉ်။

❒ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများ သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်" သမိုင်းပေးတာဝန်များကို သစ္စာရှိရှိဖြင့် ဝန်ထမ်းကောင်းများပီသစွာ ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံ၌အနုပညာရှင်၊ အတတ်ပညာရှင်များစွာမွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူတွေအားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြုဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် အခြားပရိသတ်များအတွက်ပါ သတင်းအချက်အလက်အပါအဝင် အသိပညာဗဟုသုတ၊ အကြားအမြင်များနှင့် ဖျော်ဖြေတင်ဆက်မှုများ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးတွင် အစဉ်အမြဲ မှတ်မှတ်ထင်ထင်ရှိလာအောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရာစုနှစ်ပေါင်းများစွာအထိ ကောင်းခြင်းဂုဏ်သတင်းမွှေးပျံ့မှုများစွာနှင့်အတူ အောင်မြင်စွာ လျှောက်လှမ်းမှုဖြင့် ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေကြောင်းကို ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

### ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့်အခမ်းအနားကြီးများကျင်းပခဲ့မှုတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများက ကဏ္ဍစုံလင်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုဆုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု မြဝတီတေးဂီတအဖွဲ့နှင့် ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

### မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ခုနှစ် ဖေဖော်ဝါရီလ(၁၅)ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio) မှ ဗမာ့အသံ (Burma Broadcasting Services –BBS) အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ(၁)ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံ ရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ(၁၇)မျိုး ပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

### ရုပ်သံလိုင်း(၁၉) လိုင်းဖြင့် ထုတ်လွှင့်မည်

မြန်မာနိုင်ငံအရပ်ရပ်မှ အများပြည်သူများ အရုပ်၊ အသံအရည်အသွေး ကောင်းမွန်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း Analogue စနစ်ဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံပေါင်း ၂၅၈ ရုံ ဖွင့်လှစ်ထားရှိပြီး မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ထားသည့် စက်ရုံ ၈၅ ရုံ၊ Digital စနစ်ဖြင့် ထုတ်လွှင့်သည့် DVB T2 လွှင့်စက် တပ်ဆင်ထားသည့် စက်ရုံပေါင်း ၁၅၅ ရုံဖြင့် Analogue ရုပ်သံလိုင်းနှင့် Digital ရုပ်သံလိုင်းများကို အပြိုင်ထုတ်လွှင့်ပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် ITU မှ CE 06 Agreement အရ အာရှပစိဖိတ်နိုင်ငံများအနေဖြင့် Analogue TV ထုတ်လွှင့်မှုရပ်ဆိုင်းခြင်း ASO လုပ်ငန်းစဉ်ကိုသတ်မှတ်ထားရှိခြင်း၊ မြန်မာနိုင်ငံတွင် Digital ရုပ်သံလိုင်း (၁၈)လိုင်း ဖမ်းယူရရှိနေပြီဖြစ်ခြင်း၊ နိုင်ငံပိုင် DTH Platform မှလည်း Digital ရုပ်သံလိုင်းများ ထုတ်လွှင့်နေပြီဖြစ်ခြင်းတို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသော စက်ရုံများအနက် နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန် (ပြည်လမ်း)နှင့် မန္တလေးထပ်ဆင့်လွှင့် စက်ရုံသုံးရုံ၌ Analogue စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ခြင်းရပ်ဆိုင်းမှုအစီအစဉ် ASO ၏ ပထမအဆင့်အဖြစ် ယနေ့မှစတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျန်ရှိနေသည့် စက်ရုံများကိုလည်း အဆင့်လိုက် ရပ်ဆိုင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Qualityဖြင့် MRTV–HDနှင့် MRTV– News ရုပ်သံလိုင်း (၂)လိုင်းကို ထုတ်လွှင့်နေရာမှ ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများ အပါအဝင် (၉)လိုင်း တိုးချဲ့ပြီး HD Quality ရုပ်သံလိုင်း (၁၁)လိုင်းဖြင့် အဆင့်မြှင့်တင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ရုပ်သံလိုင်း (၇) လိုင်းအား ထည့်သွင်းထုတ်လွှင့်နေရာမှ ပုဂ္ဂလိကရုပ်သံလိုင်းများ အပါအဝင် (၁၂)လိုင်း ထပ်မံတိုးချဲ့၍ စုစုပေါင်း ရုပ်သံလိုင်း (၁၉) လိုင်းဖြင့် ထုတ်လွှင့်သွားမည်ဖြစ်သည်။

### နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ်ရပ်တည်

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် (၇၈) နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့



ပဲခူး ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲခူးမြို့ ဈေးသူ၊ ဈေးသားများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသည့်အနေဖြင့် ဒေသခံပြည်သူများက အပြန်အလှန် ကျေးဇူးတရားနားလည်ပြီး စားသုံးဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆၅ ဒသမ ဝ၅ သိန်း တန်ဖိုးရှိစားသောက်ဖွယ်ရာများကို ပဲခူးမြို့အတွင်း ဈေးသူ၊ ဈေးသားများကိုယ်စား သက်ဆိုင်ရာဈေးအလိုက် ဈေးကော်မတီဝင်များက ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်တို့က လက်ခံရယူကြပြီး အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအရေးပါ လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပရာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အလေးထားအားပေးဆောင်ရွက်**

ဦးစွာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရေဆိုင်ရာဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများအားလုံးကို လွှမ်းခြုံနိုင်မည့် ရေဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်မှ အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း အတည်ပြုပြဋ္ဌာန်းထားသော ရေနှင့်ဆက်နွှယ်သည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ချိတ်ဆက်လွှမ်းခြုံသည့် အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီ (Steering Committee)ကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပြီးနောက် အမျိုးသားအဆင့် ရေမူဝါဒရေးဆွဲရေးနှင့် အမျိုးသားရေဥပဒေရေးဆွဲရေးတို့အတွက် တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီ၏ အကြံပေးအဖွဲ့မှ ပြုစုတင်ပြခဲ့သည့် အမျိုးသားအဆင့် ရေမူဝါဒကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ပြီး အမျိုးသားရေဥပဒေမူကြမ်း ရေးဆွဲရေးအတွက် ပြည်သူ့အကြံပြု အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အမျိုးသားရေဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း။

**ဒုတိယမူကြမ်းကိုပြင်ဆင်လျက်ရှိ**

အမျိုးသားရေဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ကို ၂၀၂၃ နိုဝင်ဘာ ၂၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသားရေဥပဒေ ပထမမူကြမ်းအပေါ် ဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို စုစည်း၍ အမျိုးသားရေဥပဒေ ဒုတိယမူကြမ်းကို ပြင်ဆင်တည်းဖြတ်လျက်ရှိကြောင်း၊ အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အလျောက် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသားရေဥပဒေ(မူကြမ်း) ရေးဆွဲပြုစုရေး၊ အတည်ပြုရေးနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် နိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားရေဥပဒေမူကြမ်း ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် နောက်ခံသမိုင်း၊ အမျိုးသားအဆင့် ရေမူဝါဒ၊ ရေဥပဒေရေးဆွဲရေးဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖြန့်ဝေထားသည့် အမျိုးသားရေဥပဒေ (ဒုတိယမူကြမ်း)၊ အမျိုးသားရေဥပဒေပြုစုရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ၊ စားသောက်ဖွယ်ရာများပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၁၄၈၂၄၅၀ (ကျပ်တစ်ရာတစ်ဆယ့်လေးသိန်းရှစ်သောင်းနှစ်ထောင်လေးရာငါးဆယ်)၊ ငွေကျပ် ၄၁၀၅၂၈၅၀ (ကျပ်လေးရာတစ်ဆယ်သိန်း ငါးသောင်းနှစ်ထောင်ကိုးရာငါးဆယ်) တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ဆက်လက်ပို့ဆောင်ပေးသွားမည်**

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှပံ့ပိုးပါဝင်ကူညီပေးခြင်းအားဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ (၂)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာ ခန်းမဦကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရဲမှုထမ်းဟောင်းအဖွဲ့ဝင် အင်အား တိုးတက်ခိုင်မာလာအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်စည်းရုံးရေးကော်မတီ၊ မြို့နယ်စည်းရုံးရေးကော်မတီများ ဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အကုန်တွင် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲမှုထမ်းဟောင်း အဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ဝင်များအတွက် သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာကိစ္စများတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေများပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း အလျဉ်းသင့်သလို ရန်ပုံငွေများ ထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့များမှ လက်ရှိပိုင်ဆိုင်ထားသည့်ရန်ပုံငွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့်လုပ်ငန်းများဖြင့် တိုးပွားအောင် ဆက်လက်လုပ်ဆောင်သွားပြီး ရရှိလာသည့်ရန်ပုံငွေများကို ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ သက်သာချောင်ချိရေးကိစ္စများအပြင် အဖွဲ့ဝင်မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စများအထိ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို ပိုမိုကျစ်လျစ်ခိုင်မာလာအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် အဖွဲ့၏ရည်ရွယ်ချက် (၄)ရပ်နှင့် လုပ်ငန်းစဉ် (၆) ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ငါးနှစ်တာကာလ လျာထားစီမံချက်များရေးဆွဲပြီး နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် လျာထားစီမံချက်ပါအတိုင်း အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အဖွဲ့ဝင်အင်အား တောင့်တင်းရေးကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ဝင်ဟောင်းများ အားလုံးအဖွဲ့ဝင်ဖြစ်လာစေရေး အလေးထားစည်းရုံးကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် အဖွဲ့၏ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပါဝင်ကူညီပေးခြင်းအားဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်မှုတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် ရဲမှုထမ်းဟောင်း ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်စည်ပင်သာယာရေးရုံးဘေး (မြနန္ဒာပန်းခြံ)၌ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာသီရိပန်းခြံဝင်း၌ လည်းကောင်း၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) အောင်မြေသာယာအားကစားဝင်း၌လည်းကောင်း၊ တွံတေး – ဒလ – လှိုင်သာယာ၊ ဘုရားငုတ်တိုလမ်းဆုံ သန်လျင်မြို့နယ် ငြိမ်းချမ်းကွင်း၌လည်းကောင်း၊ ကျောက်တံတားမြို့နယ် ဆူးလေယာဉ်ရပ်နားကွင်း၌လည်းကောင်း **(အောက်ပုံ)** ကျင်းပပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံမျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် "ပြည်သူ့စစ်မှုထမ်းဥပဒေအား အပြည့်အဝ ထောက်ခံကြိုဆိုပါသည်။ နိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးတစ်မျိုးသားလုံး စစ်မှုထမ်းဆောင်စို့။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် တစ်မျိုးသားလုံး စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိနေဖို့ စစ်ပညာသင်ကြစို့။" အစရှိသည့်ပိုစတာများ ကိုင်ဆောင်ပြီး ကွင်းအတွင်း နေရာယူခဲ့ကြသည်။

ယင်းနောက် မျိုးချစ်ပြည်သူများက နိုင်ငံတော်အလံအားအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ဇာတိမာန်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို အမျိုးသားရေးအင်အားစုမှ တာဝန်ရှိသူများကဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက် ဆန္ဒထုတ်ဖော်ကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ကော့သောင်းမြို့သို့ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြစ်ဒဏ်ကျခံခဲ့ရသည့် မြန်မာနိုင်ငံသား ၂၀၀ ကျော် ပြန်လည်ရောက်ရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၅**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြစ်ဒဏ်ကျခံခဲ့ရသည့် မြန်မာနိုင်ငံသား ၂၀၀ ကျော် ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းက အချုပ်များတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်ခြင်းကြောင့် ထိုင်းအာဏာပိုင်များက မြန်မာနိုင်ငံဘက်ကို ပြန်ပို့ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုလက်ခံပေးကာ လိုအပ်သည့် စစ်ဆေးမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ရနောင်းမြို့မှရေလမ်းခရီးဖြင့် ရောက်ရှိလာသူများတွင် အမျိုးသမီး ၄၆ ဦးနှင့် အမျိုးသား ၁၆၀ ပါဝင်ကြောင်း သိရသည်။

ကော့သောင်းမြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက ကိုဗစ်-၁၉ စစ်ဆေးခြင်း၊ ကိုယ်ရေးအချက်အလက် စစ်ဆေးခြင်းများပြုလုပ်ပြီး ရောဂါပိုးတွေ့ရှိသူများကို အသွားအလာ စောင့်ကြည့်ရေးစင်တာများတွင် ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့်ဖမ်းဆီးခံရပြီး ပြစ်ဒဏ်ကျခံခဲ့ရသည့် မြန်မာရွှေ့ပြောင်းလုပ်သား ၂၀၆ ဦးကို ဖေဖော်ဝါရီ ၁၄ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့မှ ကော့သောင်းမြို့ကို ပြန်ပို့ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆိုင်ရာဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်ရာမှ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များ တက်ရောက်ကြသည်။



**ပူးပေါင်းဆောင်ရွက်ပေးမည့်အစီအစဉ်များဆွေးနွေး**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြား၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပရောက် မြန်မာနိုင်ငံသားအလုပ်သမားများအား ကာကွယ်ကူညီစောင့်ရှောက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ ပူးပေါင်းဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး(ယာပုံ) သံရုံးတာဝန်ရှိသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးနေမှုနှင့် Online လိမ်လည်မှုများတွင် အသုံးချခံရသည့် နိုင်ငံခြားသားများအား ပြန်လည်လွှဲပြောင်းပေးပို့နေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ပြည်ပနှင့်ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြည်တွင်းအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး**

ထို့နောက် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက သက်ဆိုင်ရာနိုင်ငံများအလိုက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဖော်ဆောင်နေမှု၊ အလုပ်သမားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာဘာသာရပ်အလိုက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ငွေကြေးတတ်နိုင်သူများအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်လာစေရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို Hybrid စနစ်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနရှိ အရာထမ်း/ အမှုထမ်းများ အားလုံးအနေဖြင့် စနစ်တကျ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိကလုပ်ငန်းစဉ် (၂)ရပ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်သစ်၊ ခွန်အားသစ်များဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်း / ပြည်ပ ဈေးကွက်ရရှိရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများဖြစ်ကြပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၃)ရပ်တွင် ပါဝင်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရေး၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များတွင် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် အရင်းအနှီးလိုအပ်သဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ချောမွေ့စေရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် စုစုပေါင်းသွင်းအားစုများ၏ ထုတ်လုပ်နိုင်မှုစွမ်းအား (Total Factor Productivity –TFP)၊ လိုအပ်သဖြင့် နိုင်ငံတကာ၏ အရင်းအနှီးတည်ဆောက်မှုပုံစံများကို လေ့လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်း၌ ရှိပြီးဖြစ်သောအရင်းအနှီးနည်း လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ငွေကြေးတတ်နိုင်သူများအား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးပေးပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်လာစေရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်သော MSMEs လုပ်ငန်းများ တိုးတက်စေရေးအတွက် စွန့်ထွင်ဦးစီးသူများ (Entre–preneurs)၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်လိုသူများ (Investors)နှင့် အရင်းအနှီးရှိသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးမည့် ကနဦးစတင်သည့်ဌာန (Start Up Center) ကို မိမိတို့ဝန်ကြီးဌာနတွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန် (Terms of Reference– TOR) နှင့် ချိတ်ဆက်၍ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လာမည့်ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံခြားပညာသင်ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်က ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီဆောင်ရွက်မှုအခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသောဝန်ထမ်းများအား ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက "မင်္ဂလာပါ" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး ဝန်ထမ်းလုပ်သက် (၃၇) နှစ်ပြည့်မြောက်သည့် ဝန်ထမ်းများနှင့် ပြည်တွင်း၊ ပြည်ပ သင်တန်း/ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသောဝန်ထမ်းများအား ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသည့် ဝန်ထမ်းများနှင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကံစမ်းမဲပေါက်သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ကံစမ်းမဲပေါက်သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ထူးချွန်ဆုများချီးမြှင့်**

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အစီအစဉ်ထုတ်လုပ်မှုထူးချွန်ဆု၊ သတင်းတည်းဖြတ်ထုတ်လွှင့်မှုထူးချွန်ဆု၊ သတင်းတင်ဆက်မှုထူးချွန်ဆု၊ စက်မှုဆိုင်ရာထူးချွန်ဆု၊ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကံစမ်းမဲများ ဖွင့်ဖောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအတွက် ဗလာမပါကံစမ်းမဲများ ဖွင့်ဖောက်၍ ဆုများပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာသင်တန်း (အပတ်စဉ် - ၂၁) နှင့် သွားကျန်းမာရေးသူနာပြုဒီပလိုမာသင်တန်း (အပတ်စဉ်-၃) အောင်လက်မှတ်အပ်နှင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်း (အပတ်စဉ် -၂၁) နှင့် သွားကျန်းမာရေးသူနာပြု ဒီပလိုမာသင်တန်း (အပတ်စဉ်-၃) အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

**အောင်လက်မှတ်များအပ်နှင်း**

အခမ်းအနားသို့ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီမှ တာဝန်ရှိသူများ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန် ပညာရေးအဖွဲ့ဝင်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မိဘဆွေမျိုးများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ ရရှိသူ နှစ်ဦးနှင့် သွားကျန်းမာရေးသူနာပြု ဒီပလိုမာရရှိသူ လေးဦးတို့ကို အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## လားရှိုးမြို့တွင် ပန်းခင်းစီမံချက် အဆင့် - ၃ ဖြင့် ယာယီအိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**လားရှိုး ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဦးစီး၍ ပန်းခင်းစီမံချက် အဆင့် – ၃ ဖြင့် ယာယီအိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အဆောက်အအုံစာရင်းများ ကောက်ယူနေမှုများကို လားရှိုးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်၊ လားရှိုးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းနှင့် ကော်မတီဝင်များက ယနေ့ နံနက်ပိုင်းက ယာယီအိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အဆောက်အအုံစာရင်းများ လက်တွေ့ကွင်းဆင်း ကောက်ယူနေသည့် ရပ်ကွက်(၁၀) သို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



ကော်မတီဝင်များက လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ရပ်ကွက်အလိုက် အဆောက်အအုံအမှတ်စဉ်၊ အိမ်ခန်းအမှတ်စဉ်၊ အိမ်ထောင်စုအမှတ်စဉ်၊ အိမ်ထောင်ဦးစီးအမှတ်စဉ်နှင့် တည်နေရာလတ္တီကျု၊ လောင်ဂျီကျုများကို ကောက်ယူ၍ ဆာဗာထဲသို့ထည့်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

# တို့ပြည်အခြေခိုင်မြဲ မယိုင်လဲအောင် ပေါင်းရုံးလို့ အားအင်ဖြည့်ကြပါစို့ . . .

ကိုရေချမ်း

ယနေ့ကာလမှာ အခြေအနေအချိန်အခါနဲ့ ကိုက်ညီတဲ့ သီချင်းစာသားတစ်ပိုဒ်ကို သတိရမိပါတယ်။ မူရင်းစာဆို ရွှေတိုင်ညွန့်ရေးစပ်ပြီး ခေတ်ဟောင်း အဆိုတော်ကြီး မေလှမြိုင် သီဆိုထားတဲ့ "ဗမာ့ကြွေးကြော်သံ" သီချင်းမှ သံပြိုင်သီဆိုထားတဲ့ သီချင်းစာသားလေးကို လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်တိုင်း ကြားဖူးကြမှာဖြစ်ပါတယ်။ ဒီသီချင်းသံလေးကို ကြားလိုက်ရတဲ့အခါတိုင်း နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကို ကာကွယ်လိုစိတ်တွေ နိုးကြား ထက်သန်စေပါတယ်။

"တာဝန်တွေ ကိုယ်စီ သိထားစေ၊ လိုမည် သတိတရားတွေ၊ တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့အခြေခိုင်မြဲ မယိုင်လဲအောင်ပေ၊ (ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ) ပေါင်းရုံးလို့ အားအင်ဖြည့်ပါလေ" ဆိုတဲ့ သံပြိုင်တေးတစ်ပိုဒ်ဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေအားလုံး နိုင်ငံတော်ကာကွယ်ရေးမှာ ပါဝင်ထမ်းဆောင်ကြဖို့ နှိုးဆော်ပေးထားတာ ဖြစ်ပါတယ်။ ဒီသီချင်းကို စတင်ရေးဖွဲ့သီဆိုစဉ် အချိန်က လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်လို့ ပြည်ပနယ်ချဲ့ကျူးကျော်မှုအန္တရာယ်ကို တွန်းလှန်ဖို့ မြန်မာ့တပ်မတော်ကို စုပေါင်းအားဖြည့်ပေးဖို့ နှိုးဆော်ထားတဲ့သီချင်း ဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာ ဂျပန်ခေတ်အထိ ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့စသဖြင့် စစ်မှုထမ်းဆောင်ဖို့အတွက် မြို့အလိုက် တာဝန်ပေးဆင့်ခေါ်ရင် မြို့အလိုက် လူဦးရေ တစ်ထောင်၊ ရာ၊ ဆယ် ပေးရတာတွေရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ အခါမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ရှိလာပါတယ်။ ဒီဥပဒေကို ပြင်ဆင်ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို သတ်မှတ်ခဲ့ပါ တယ်။ လက်ရှိအချိန်အခါမှာ လက်ရှိနိုင်ငံရေး အခြေအနေ၊ နိုင်ငံတကာ အခြေအနေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ပြည်သူ့စစ် မဟာဗျူဟာအရ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ် မဖြစ်မနေကျင့်သုံးဖို့ လိုအပ်လာ**

### တိုင်းပြည်ကာကွယ်ရေး

လွတ်လပ်ရေးရရှိပြီးချိန် ကာလမှာလည်း ပြည်ပရန်၊ ပြည်တွင်းရန်တွေကို တွန်းလှန်ကာကွယ်ပေးဖို့ မူရင်း အဆိုပါသီချင်းကိုပဲ ခေတ်အဆက်ဆက် ပြန်လည်သီဆိုခဲ့ကြတာကို တွေ့ရပါတယ်။ တိုင်းပြည်မှာ ပြည်သူဟာ အဓိကဖြစ်ပါတယ်။ ကာကွယ်ရေးအတွက် ပြည်သူ့အားဟာ အဓိက အကျဆုံးဖြစ်ပါတယ်။ တိုင်းပြည်ကို ကာကွယ်ဖို့ အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဟာ စနစ်ကျတဲ့ မဟာဗျူဟာတစ်ခုဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ စစ်မှုထမ်းဥပဒေ ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွက် လိုအပ်မှုမရှိသေးတဲ့အတွက် အကျုံးဝင်တဲ့ နိုင်ငံသူ နိုင်ငံသားတွေကို စစ်မှုထမ်းဖို့ ဆင့်ခေါ်တာတွေ မပြုလုပ်ခဲ့ပါဘူး။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ သခင်အောင်ဆန်း ဦးဆောင်တဲ့ လူငယ်တစ်စုက ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဖွဲ့စည်းခဲ့ပါတယ်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ အင်အား ၂၀၀ နဲ့ စတင်ဖွဲ့စည်းခဲ့ပြီးတဲ့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်မှုထမ်းဆောင်ဖို့ စည်းရုံးခဲ့ကြတာ ခြောက်လ/ခုနစ်လအတွင်း အင်အား ငါးသောင်းအထိ စည်းရုံးနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စစ်ကိုတိုက်ချင်သည်ဖြစ်စေ၊ မတိုက်ချင်သည်ဖြစ်စေ မြန်မာနိုင်ငံသားတွေအနေနဲ့ တပ်မတော်မှာ ပါဝင်ကြဖို့ ပြောကြားခဲ့ပါတယ်။ ဒီအင်အားတွေနဲ့ပဲ နယ်ချဲ့နဲ့ ဖက်ဆစ်ကို တွန်းလှန်နိုင်ခဲ့ပါတယ်။

### သမိုင်းမှတ်တမ်းတွေ

မြန်မာ့သမိုင်းတစ်လျှောက်က စစ်ချီပွဲတွေကို ကြည့်မယ်ဆိုရင် ရှေးမင်းတွေဟာ တိုင်းရင်းသားတွေကို ကျောသား၊ ရင်သား မခွဲခြားဘဲ အရည်အချင်းရှိရင်ရှိသလို တာဝန်ပေးအပ်ခဲ့ပါတယ်။ ထို့အတူ တိုင်းရင်းသားအပေါင်းနဲ့ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ နိုင်ငံခြားသားတွေကလည်း သစ္စာရှိရှိ ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အန္တရာယ်ဟူသမျှကို ကာကွယ်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေရှိခဲ့ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးမှာ တိုင်းရင်းသားတွေ သာမက မြန်မာ့မြေမှာနေပြီး မြန်မာ့ဆန်ကိုစားတဲ့ နိုင်ငံခြားသားတွေဖြစ်တဲ့ တရုတ်၊ ယိုးဒယား၊ ကသည်း၊ ပေါ်တူဂီနဲ့ ပသီ(မွတ်စလင်)တွေလည်း တိုင်းရင်းသားတွေနဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့တာကို ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး ကိုယ်တိုင် လင်းဇင်းချီတပ်နဲ့ သီဟိုဠ်ချီတပ်မှတ်တမ်းတွေက သက်သေခံလျက်ရှိပါတယ်။

အနော်ရထာမင်းလက်ထက်မှ ကုန်းဘောင်ခေတ်နောက်ဆုံးအထိ တပ်မတော်ဖွဲ့စည်းပုံမှာ မင်းနေပြည်တော် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ်ကို စောင့်ရှောက်ရတဲ့ ထောင်မှူးလေးဦး၊ သူ့ရဲ ၄၀၀၀ မှတစ်ပါး အမြဲတမ်းဖွဲ့စည်းထားတဲ့ တပ်မတော်မရှိခဲ့ပါဘူး။ စစ်မက်အရေးပေါ်ပေါက်လာတဲ့အခါမှသာ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ကျန်းမာသန်စွမ်းတဲ့သူတွေကို ဆင့်ခေါ်စုရုံးဖွဲ့စည်းပြီး တိုက်ခိုက်စေပါတယ်။ တိုက်ခိုက်ဖို့အတွက် ၁၀၀၀ ပြု၊ ၈၀၀ ပြု၊ ၄၀၀ ပြု၊ ၃၀၀ ပြု၊ ၂၀၀ ပြု၊ ၁၀၀ ပြု၊ ၈၀ ပြု၊ ၅၀ ပြု၊ ၃၀ ပြု၊ ၂၀ ပြုအထိ အသီးသီးမြို့ပြတည်ရပါတယ်။ ထောင်ပြုမြို့မှာ စစ်မက်အရေးအခင်း ပေါ်ပေါက်လာခဲ့သော် ရဲမက် ၁၀၀၀ ပေးရပါတယ်။ ရှစ်ရာပြုမြို့မှာ ရဲမက် ၈၀၀ ပေးရပါတယ်။ ဒီလိုပဲ သုံးဆယ်ပြုမြို့က ရဲမက် ၃၀၊ နှစ်ဆယ်ပြုမြို့က ရဲမက် ၂၀ အသီးသီးပေးရပါတယ်။ မြန်မာတစ်နိုင်ငံလုံး ဒီနည်းနဲ့ ရဲမက် ၃၀၀၀၀၀ ရနိုင်လို့ မြန်မာနိုင်ငံကို သုံးသိန်းပြုလို့ သတ်မှတ်ခဲ့ပါတယ်။ ဒီစနစ်ကို စတင်တီထွင်သူဟာ အနော်ရထာမင်း ဖြစ်ပါတယ်။

### စစ်မှုထမ်းဆင့်ဆို

စစ်သူကြီးမဟာဗန္ဓုလရဲ့ အမိန့်တော်ဆင့်စာမှာ **"တပ်ပါဗိုလ်၊ စစ်ကဲ၊ တပ်မှူးတို့။ အမိန့်တော်နှင့် စစ်ကြောင်းချီမည်။ လိုက်ပါထမ်းရွက်သင့်သော ရဲမက်တို့သည် မျက်စိ မှုံမွဲ၊ တိမ်စွဲ၊ မျက်ခမ်းစပ်၊ ပန်းနာ၊ ဒူလာ၊ မှင်တက်ရောဂါ၊ အိပ်ရာယောင်ယမ်း၊ ကိုယ်ထက် ဒူးရှည် ပေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်၊ အသက် ၂၀ မပြည့်သူ၊ အသက် ၅၀ ကျော်သူ၊ ခေါင်းရှုပ်သူ၊ ထိုထိုသူတို့ကို တပ်ပါရဲမက်ဆို၍ အခန့်အထားမရှိစေနှင့်။ ဆိုခဲ့သော လူတို့ကို ချန်လှပ်၊ တပ်တော်ပါသင့်သော လူတစ်ကိုယ်လျှင် ၂ ပြည်ဝင် ဆန်စလွယ် ၁၊ လွှာဖိနပ်၊ ဆူးထွင်းအပ် ကိုယ်စီပါစေ။ အသီးသီးလက်နက်ကိုင်ကြသည့် မြို့ကျေးရွာတို့သို့ စာတိုစာရှည်နှင့်ဆင့်"** လို့ ပြည်သူ့စစ်မှုထမ်းဆင့်ဆိုတဲ့အမိန့်ကို တွေ့ရပါတယ်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ စစ်မဟာဗျူဟာက ပြည်သူ့စစ်မဟာဗျူဟာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံး ပြည်သူ့စစ်မဟာဗျူဟာကို ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများ ညီလာခံမှစလို့ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန်ကျူးကျော်မှုကာလ၊ ပြည်တွင်းသောင်းကျန်းမှု အရှိန်မြင့်နေတဲ့ကာလတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်တာကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြည်တွင်းသောင်းကျန်းမှုတွေလည်း တစ်ပေါင်းတည်း ချုပ်ငြိမ်းသွားခဲ့ပါတယ်။

### ပြည်သူ့စစ်မှုထမ်းနိုင်ငံများ

ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းထားတဲ့ နိုင်ငံ ၁၈ နိုင်ငံခန့် ရှိပါတယ်။ တချို့ဆိုရင် National Service (အမျိုးသားစစ်မှုထမ်းစနစ်) နဲ့ ဆောင်ရွက်ကြပါတယ်။ ဒီစနစ်နဲ့ ဆောင်ရွက်ရာမှာ စစ်မှုထမ်းဆောင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်ခြင်းမရှိတဲ့ နိုင်ငံတွေရှိပါတယ်၊ စစ်မှုထမ်းဆောင်တဲ့ ဥပဒေပြဋ္ဌာန်းပြီး မဖြစ်မနေ စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံတွေလည်းရှိပါတယ်၊ ထူးခြားတဲ့ အခြေအနေတစ်ရပ်မှာ ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းစေတဲ့ နိုင်ငံတွေလည်းရှိပါတယ်၊ စစ်မှုမဖြစ်မနေထမ်းဆောင်တာနဲ့ ဆန္ဒအရ စစ်မှုထမ်းဆောင်စေတာ နှစ်မျိုးစလုံး ကျင့်သုံးတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းစေတဲ့နိုင်ငံတွေက တပ်မတော်မှာ တာဝန်ထမ်းဆောင်ရာမှာ အရပ်ဘက်လုပ်ငန်းတွေ၊ လက်နက်မကိုင်ရတဲ့လုပ်ငန်းတွေ၊ တိုက်ပွဲမဝင်ရတဲ့ နေရာတွေမှာ ရွေးချယ်အမှုထမ်းရတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်ရာမှာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။

ဥပမာအားဖြင့် ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ တူကီယဲ စတဲ့နိုင်ငံတွေနဲ့ အိမ်နီးချင်း ထိုင်း၊ လာအိုနိုင်ငံတွေမှာ သူ့နိုင်ငံနဲ့သူ့ဟန် စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဂျပန်ခေတ်အထိ ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့စသဖြင့် စစ်မှုထမ်းဆောင်ဖို့အတွက် မြို့အလိုက် တာဝန်ပေးဆင့်ခေါ်ရင် မြို့အလိုက် လူဦးရေ တစ်ထောင်၊ ရာ၊ ဆယ် ပေးရတာတွေရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ရှိလာပါတယ်။ ဒီဥပဒေကို ပြင်ဆင်ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို သတ်မှတ်ခဲ့ပါတယ်။ လက်ရှိအချိန်အခါမှာ လက်ရှိ နိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာအခြေအနေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ် မဖြစ်မနေကျင့်သုံးဖို့ လိုအပ်လာပါတယ်။

### ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက် နိုင်ငံသားများရဲ့ မူလတာဝန်နဲ့ ဝတ္တရား ဥပဒေပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာ နိုင်ငံသားတိုင်း ပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အလားတူ နိုင်ငံသားတိုင်း စစ်မှုထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ဟာ ပုဒ်မ ၂၀ (ဃ)မှာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ *စာမျက်နှာ ၁၁ သို့*

**❍ အဓိကရည်ရွယ်ချက်က နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။ နိုင်ငံသားတွေအနေနဲ့ မိမိရပ်ရွာမှာ လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်ဖို့အတွက် မိမိတို့မြို့ရွာကို ကာကွယ်စောင့်ရှောက်ရေးဟာ မိမိတို့အရေး၊ မိမိတို့ အကျိုးစီးပွားဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး လုံခြုံစိတ်ချရေးအတွက် ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပေမယ့်လည်း မိမိတို့ မြို့ရွာကို နိုင်ငံချစ်စိတ်၊ ရပ်ရွာချစ်စိတ်နဲ့ တတ်နိုင်တဲ့ဘက်က ကာကွယ်စောင့်ရှောက်တာဟာ မှန်မြတ်တဲ့လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ဟားခါး ဖေဖော်ဝါရီ ၁၅**

(၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၄) ကို ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဟားခါးတက္ကသိုလ်ဒုတိယပါမောက္ခချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မည်သည့် အလုပ်ပဲလုပ်လုပ် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ခိုင်းမှလုပ်ခြင်းမျိုး မဟုတ်ဘဲ မိမိအသိစိတ်နှင့် စေတနာအပြည့်ဖြင့် ဆောင်ရွက်သည့်အကျင့်ကို ဝန်ထမ်းတိုင်းတွင် ထားရှိရမည်ဖြစ်ကြောင်း၊ ချင်းအမျိုးသားနေ့ အခမ်းအနားသည် အခြားသာမန်ပွဲမျိုးမဟုတ်ဘဲ ချင်းအမျိုးသားများ၏ အထွတ်အမြတ်ထားသည့် နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက်နှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပမည်ဖြစ်ကြောင်းနှင့် အခမ်းအနားတက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်အချက်များကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများထံသို့ တင်ပြတောင်းခံထားသည့် ရန်ပုံငွေ၏ ၅၀ ရာခိုင်နှုန်းဆီကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ချင်းပြည်နယ်အတွင်းရှိ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေအရ ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပနိုင်သည့် မြို့နယ်ခြောက်မြို့နယ်အတွက် ချင်းအမျိုးသားနေ့အတွက် ရန်ပုံငွေများ ခွဲဝေခွင့်ပြုထားပြီးဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆပ်ကော်မတီအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်နိုင်ဝင်းအောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ခရိုင် (ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ်တွင် နွေစပါး ၁၁၃၄၄ ဧက လျာထားစိုက်ပျိုးမည်

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း နွေစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်နဝင်းရေလှောင်တမံမှ ဆည်ရေများကို ဇန်နဝါရီ ၁၀ ရက်က စတင်ပေးဝေခဲ့ရာ တောင်သူများမှ နွေစပါးသီးနှံကို စတင်စိုက်ပျိုးနေပြီဖြစ်ပြီး ၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ၁၁၃၄၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေစပါးသီးနှံစိုက်ပျိုးရာတွင် တစ်ဧကလျှင် ကျပ်လေးသိန်းမှ ငါးသိန်းအထိ ကုန်ကြကြောင်း၊ အထွက်နှုန်းအနေဖြင့် ပျမ်းမျှတစ်ဧကလျှင်တင်း ၈၀ မှ ၁၂၀ အထိထွက်ရှိကြောင်းနှင့် ပြီးခဲ့သည့်နှစ်က နွေစပါး ဈေးကောင်းမွန်ပြီး တောင်သူများ အကျိုးအမြတ်ရရှိခဲ့ကြောင်း နွေစပါးစိုက်ပျိုးလုပ်ကိုင်သူ ဦးအောင်ချို့က ပြောသည်။

ပေါက်ခေါင်းမြို့နယ်ရှိ နွေစပါးစိုက်တောင်သူများအနေဖြင့် GW–11 , ရတနာတိုး၊ ဗီယက်နန်ရက် ၉၀ စပါးမျိုးများကို အဓိကထား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

*စာမျက်နှာ ၁၀ မှ*

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေပုဒ်မ ၃၃၉ မှာ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်တွေမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမယ်။ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်နဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်။ တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်မယ်လို့ ပါရှိပါတယ်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ တစ်ရက်တည်းမှာ အရန်တပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအခါ အဆိုပါဥပဒေတွေနဲ့အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ပြည်သူအားလုံးပါဝင်တဲ့ စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

### မွန်မြတ်တဲ့လုပ်ငန်းတစ်ရပ်

အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူတွေကြားမှာ ထောက်ခံမှုတွေရှိသလို တီးတိုးပြောဆိုမှုတွေနဲ့ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ဝေဖန်ပြောဆိုသံတွေကိုလည်း ကြားရပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းအကောင်အထည်ဖော်ရတဲ့ ရည်ရွယ်ချက်၊ ဆောင်ရွက်ချက်နဲ့ အကျိုးရလဒ်တွေကို ပြည်သူတွေ သိရှိနားလည်ကြရင် သဘောပေါက်ကြမှာဖြစ်ပါတယ်။

အဓိကရည်ရွယ်ချက်က နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့တာဝန်ရှိပါတယ်။ နိုင်ငံသားတွေအနေနဲ့ မိမိရပ်ရွာမှာ လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်ဖို့အတွက် မိမိတို့မြို့ရွာကို ကာကွယ်စောင့်ရှောက်ရေးဟာ မိမိတို့အရေး၊ မိမိတို့ အကျိုးစီးပွားဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး လုံခြုံစိတ်ချရေးအတွက် ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပေမယ့်လည်း မိမိတို့မြို့ရွာကို နိုင်ငံချစ်စိတ်၊ ရပ်ရွာချစ်စိတ်နဲ့ တတ်နိုင်တဲ့ဘက်က ကာကွယ်စောင့်ရှောက်တာဟာ မွန်မြတ်တဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့နဲ့ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို သိရှိထားဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပါဝင်ထမ်းဆောင်ရာမှာ ဒီဥပဒေအရ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားအားလုံးနဲ့ အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးများအားလုံး စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ စက်မှုလက်မှုအပါအဝင် ကျွမ်းကျင်ပညာရှင်ဖြစ်ရင်တော့ အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိ အမျိုးသားအားလုံးနဲ့ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသမီးများအားလုံး အကျုံးဝင်မှာဖြစ်ပါတယ်။ ဘယ်သူတွေ ကင်းလွတ်ခွင့်ရမလဲဆိုတော့ သာသနာ့ဝန်ထမ်းတွေ (မည်သည့်ဘာသာမဆို)၊ အိမ်ထောင်သည်အမျိုးသမီးတွေ (သားသမီးရှိတဲ့ အိမ်ထောင်ပျက်အမျိုးသမီးတွေအပါ) ဆေးစစ်ဆေးချက်အရ စစ်မှုထမ်းရန်မသင့်လျော်သူ၊ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သီးခြားအမိန့်ထုတ်ပြန် ကင်းလွတ်ခွင့်ပြုတဲ့သူတွေကလွဲရင် အကျုံးဝင်သူအားလုံးဟာ မဖြစ်မနေ စစ်မှုထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

### စစ်မှုထမ်းအခွင့်အရေးများ

စစ်မှုထမ်းကာလကို ကာလတို ယာယီရွှေ့ဆိုင်းခွင့်ပြုတဲ့သူတွေကတော့ ယာယီဆေးအဆင့်နိမ့်နေသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာသင်ကြားနေသူတွေ၊ အခြားပြုစုစောင့်ရှောက်မယ့်သူမရှိလို့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ မူးယစ်ဆေးဖြတ် ကုသမှုခံယူနေသူတွေနဲ့ ထောင်ဒဏ်ကျခံနေရသူတွေ ဖြစ်ပါတယ်။ ကာလတို ယာယီရွှေ့ဆိုင်းခွင့်ရတဲ့သူတွေအနေနဲ့ ယာယီရွှေ့ဆိုင်းခွင့်ပြုထားတုန်း အသက်ကန့်သတ်ချက် ကျော်လွန်သွားရင်လည်း ကင်းလွတ်ခွင့်မပြုဘဲ ဆက်ပြီးတာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ စစ်မှုထမ်းကာလကတော့ သာမန်လူတွေအတွက် နှစ်နှစ် ဖြစ်ပြီး ပညာသည်တွေအတွက်ကတော့ သုံးနှစ် ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေတွေမှာတော့ မည်သူ့ကိုမဆို စစ်မှုထမ်းကာလ ငါးနှစ်အထိ တာဝန်ထမ်းဆောင်ဖို့ သက်တမ်းတိုးမြှင့်နိုင်ပါတယ်။

စစ်မှုထမ်းဥပဒေအရ အမှုထမ်းဆောင်ဖို့ ဆင့်ခေါ်ခြင်းခံရတဲ့မည်သူမဆို စစ်မှုစတင်ထမ်းတဲ့နေ့ကစပြီး ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို လိုက်နာရမှာဖြစ်ပါတယ်။ အပြစ်တစ်စုံတစ်ရာ ကျူးလွန်မယ်ဆိုရင်တော့ စစ်မှုထမ်းကာလအတွင်း စစ်တရားရုံးကဖြစ်စေ၊ နယ်ဘက်တရားရုံးကဖြစ်စေ ချမှတ်တဲ့ပြစ်ဒဏ်ကာလကို စစ်မှုထမ်းကာလအတွင်း ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သတ်မှတ်ကာလပြည့်တဲ့အထိ စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ အခွင့်အရေးတွေအနေနဲ့ကတော့ စစ်မှုထမ်းကာလအတွင်း အဆင့်လိုက် လစာစရိတ်များ ခံစားခွင့်ရရှိမှာဖြစ်ပြီး တာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့ပါက တပ်မတော်က သတ်မှတ်ထားတဲ့အတိုင်း ခံစားခွင့်များရရှိပါမယ်။

ပါရဂူဘွဲ့၊ အခြားအသက်မွေးဝမ်းကျောင်းဘွဲ့နဲ့ သတ်မှတ်အရည်အချင်းပြည့်မီသူတွေကို ပြန်တမ်းဝင်အရာရှိအဖြစ် တိုက်ရိုက်ခန့်အပ်နိုင်တဲ့အချက်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။

### စစ်မှုထမ်းဆင့်ခေါ်

စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ဗဟို အဆင့်တွေအထိ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေက နှစ်စဉ် စစ်မှုထမ်းဖို့ အရွယ်ရောက်သူတွေစာရင်းကို မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ထံ ဇန်နဝါရီလ ၁ ရက်နေ့ထက် နောက်မကျစေဘဲ အရောက်ပေးပို့ရမှာ ဖြစ်တယ်။ မြို့နယ်အဖွဲ့က အသက်ပြည့်မီသူတွေကို ဆင့်ခေါ်ပြီး မှတ်ပုံတင်ထားရှိကာ လက်မှတ်ထုတ်ပေးသွားမှာဖြစ်လို့ လက်မှတ်ရရှိသူတွေကိုတော့ ဆေးစစ်ဖို့ဆင့်ခေါ်မှာဖြစ်တယ်။ စစ်မှုထမ်းဖို့ဆင့်ခေါ်စာကို သက်ဆိုင်ရာပုဂ္ဂိုလ်ကို တိုက်ရိုက်ပေးအပ်ရမှာဖြစ်ပြီး မတွေ့ရှိခဲ့ရင်တော့ မိသားစုဝင်တစ်ဦးဦးဆီ သက်သေတစ်ဦးရှေ့မှာ ပေးအပ်ရပါမယ်။ ဒါဟာ ဥပဒေအရ သက်ဆိုင်ရာပုဂ္ဂိုလ် လက်ထဲကို ပေးအပ်ခဲ့ပြီးဖြစ်တယ်လို မှတ်ယူမှာဖြစ်ပါတယ်။

ပြစ်ဒဏ်တွေနဲ့ပတ်သက်လို့ကတော့ ပုဒ်မ ၂၃ အရ ၁။ မှတ်ပုံတင်ဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၂။ ဆေးစစ်ဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၃။ စစ်မှုထမ်းဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၄။ မှတ်ပုံတင်ချိန်မှာ အကြောင်းအရာတစ်ခုခုကို လိမ်လည်ရေးသားဖော်ပြရင် ၅။ စစ်မှုထမ်းဆောင်ပြီး နှစ်စေ့လို့ပြန်ရောက်လာတဲ့သူကို အလုပ်ရှင်က မူလအလုပ်/ ရာထူးမှာ ခန့်အပ်ဖို့ ငြင်းဆန်ရင် ထောင်ဒဏ် ၃ နှစ်ထိကျခံရမှာဖြစ်တယ်။ ပုဒ်မ ၂၄ အရ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲဖို့အတွက် ၁။ ရောဂါရှိဟန်ဆောင်ခြင်း ၂။ တမင်ရောဂါရအောင်လုပ်ခြင်း ၃။ ရောဂါကိုမပျောက်အောင် ပိုဆိုးလာအောင်လုပ်ခြင်း ၄။ အနာတရ ဖြစ်အောင်လုပ်ခြင်းတို့အတွက် ကျူးလွန်သူက ထောင်ဒဏ်(၅)နှစ်ကျခံရမှာဖြစ်ပြီး စစ်မှုထမ်းဆောင်ခြင်းမှ ရှောင်လွှဲဖို့အတွက် အားပေးသူကူညီသူဟာ ၁။ အရပ်သားဆိုထောင်ဒဏ် (၁)နှစ် ၂။ ဝန်ထမ်းဆိုရင် ထောင်ဒဏ် (၃)နှစ်ကျခံရမှာဖြစ်သလို ရဲအရေးပိုင်တဲ့ ပြစ်မှုတွေအဖြစ် သတ်မှတ်ထားပါတယ်။

ပုဒ်မ ၂၃ နဲ့ ၂၄ ကို ကျူးလွန်သူတွေဟာ ပြစ်ဒဏ်ကျခံပြီးနောက် စစ်မှုထမ်းဆောင်ဖို့ ပြန်လည်သတင်းပို့ရမှာပဲဖြစ်ပါတယ်။ ဒီဥပဒေဟာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ သမ္မတ သို့တည်းမဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အသက်သွင်းတဲ့နေ့မှာ စတင်အသက်ဝင်မှာဖြစ်ပြီး လွှတ်တော်ကို တင်ပြစရာမလိုတော့ပါ။ ကဲ – ဒီလောက်ဆိုရင် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ သိရှိထားသင့်တဲ့ အချက်အလက်တွေ ပြည့်စုံလောက်ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ကာကွယ်ရေး၊ သာယာဝပြောရေးလုပ်ငန်းတွေမှာ ပါဝင်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံကိုချစ်တဲ့စိတ်နဲ့ တိုင်းပြည်ကာကွယ်ရေးမှာ ကြည်ဖြူစွာပါဝင်ကြဖို့ လိုအပ်ပါတယ်။ ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်မေလှမြိုင် သီဆိုထားတဲ့အတိုင်း **"တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့အခြေခိုင်မြဲမယိုင်လဲအောင်ပေ၊ (ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ) ပေါင်းရုံးလို့ အားအင်ဖြည့်ကြပါစို့လေ"**လို့ ဆိုလိုက်ရပါတယ်။ ။

**ကိုးကားချက် –**

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊
(၂) ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀)၊
(၃) စိန်လွင်လေး၏ မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ။

# ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်း ထွက်ပေါ်နေသည့်ကောလာဟလသတင်းများ၊ စိုးရိမ်ထိတ်လန့်မှုများအတွက် မိဘပြည်သူများနှင့် လူငယ်လူရွယ်များ သိရှိစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးတဲ့ နောက်ပိုင်းမှာ ထွက်ပေါ်လာတဲ့ ကောလာဟလတွေ၊ ဒီအပေါ်မှာဖြစ်ပေါ်နေတဲ့ လုပ်ကြံဖန်တီးမှုတွေ၊ ပြီးရင် စိုးရိမ်ထိတ်လန့်မှုပေါ့။ ဒါတွေအတွက် ကျွန်တော်တို့အနေနဲ့ ပြောကြားဖို့ရှိတာလေးတွေကို မိဘပြည်သူများအားလုံး၊ လူငယ်လူရွယ်များအားလုံး သိရှိစေဖို့အတွက် ကျွန်တော်တို့ ပြောကြားသွားမှာဖြစ်ပါတယ်။



ပထမဦးဆုံးအနေနဲ့ကတော့ ဒီလုံခြုံရေးတပ်ဖွဲ့တွေက မြို့ရွာတွေမှာ ပေါ်တာဆွဲနေတယ်ဆိုတဲ့ဟာတွေကို ပြည်ဖျက်မီဒီယာများက အဆက်မပြတ်လုပ်ကြံဖန်တီးပြီးတော့ ထုတ်လွှင့်နေတာရှိပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီးလည်း မဟုတ်မမှန်တဲ့အကြောင်းတွေကို အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိဘပြည်သူတွေကို ကျွန်တော်တင်ပြလိုတာကတော့ ယခုဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေအရ ပြည်သူများရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝလုံခြုံအေးချမ်းစွာနေထိုင်သွားလာလှုပ်ရှားနိုင်စေဖို့ ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဧည့်စာရင်းစစ်ဆေးတာတို့၊ လိုအပ်တဲ့စစ်ဆေးမှုများ ပြုလုပ်ခြင်းတို့ကို မြို့ရွာတွေမှာ ဆောင်ရွက်နေတာရှိတယ်။ ဒါတွေ ဆောင်ရွက်တာကလည်း ဒီအကြမ်းဖက်သမားတွေ မြို့ရွာတွေမှာစိမ့်ဝင်တယ်၊ ဗုံးထောင်ဖောက်ခွဲတယ်၊ မိုင်းထောင်ဖောက်ခွဲတယ် ဒါတွေကြောင့် ကျွန်တော်တို့က ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဧည့်စာရင်းမတိုင်ဘဲနဲ့ နေထိုင်နေတဲ့သူတွေ၊ အိမ်ထောင်စုစာရင်းမဝင်တဲ့သူတွေ၊ အိမ်ထောင်စုစာရင်းမပြနိုင်တဲ့သူတွေ စစ်ဆေးတွေ့ရှိရင်တော့ သက်ဆိုင်ရာရဲစခန်းနဲ့ သက်ဆိုင်ရာဌာနတွေက ခေါ်ယူစစ်ဆေးခြင်းများရှိတယ်၊ အနည်းအကျဉ်းပါပဲ။ ဒီလိုစစ်ဆေးတွေ့ရှိရင် ဥပဒေနဲ့ အရေးယူခြင်းဆောင်ရွက်နေသလို အကျိုးအကြောင်း ဆီလျော်တဲ့သူတွေကို ပြန်လည်စေလွှတ်ပေးနေတာ ရှိပါတယ်။ ဒီအပေါ်တွေမှာ ခုနကပြောတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းတဲ့အပေါ်မှာ ပြီးရင် ရပ်ရွာအေးချမ်းသာယာရေး မလိုလားတဲ့သူတွေက အများပြည်သူတွေကို ထိတ်လန့်တုန်လှုပ်ချောက်ချားစေဖို့ ရည်ရွယ်ပြီးပေါ်တာဆွဲနေတယ်တို့၊ ပြီးရင် ဘယ်နေရာမှာ ခေါ်သွားပြန်ပြီတို့ ဒါတွေကိုအချိန်ကိုက် သတင်းထုတ်လွှင့်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ အသိသတိရှိစွာနဲ့ ပြည်ဖျက်မီဒီယာများရဲ့ လှုံ့ဆော်မှုများကို သတိထားကြဖို့ ပြောကြားလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ မီဒီယာတချို့နဲ့ လူမှုကွန်ရက်စာမျက်နှာ အချို့တွေမှာလည်း ပြည်သူတွေ ပြည်ပထွက်ခွာမှုကို တားဆီးပိတ်ပင်နေတယ်ဆိုတဲ့ ကောလာဟလတွေ ထုတ်လွှင့်နေတာ ရှိပါတယ်။ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ ကန့်သတ်ချက်များ ထုတ်ပြန်တာမရှိပါဘူး။ စိစစ်တားဆီးတာမရှိဘဲနဲ့ လေဆိပ်တွေ၊ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်စပ်ဝင်ထွက်ဂိတ်တွေမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းကို စနစ်တကျဝင်ထွက်ခွင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး သီးခြားထုတ်ပြန်ပြီး ကန့်သတ်ထားတာမရှိဘူးဆိုတဲ့အကြောင်းကို ရှင်းလင်းစွာ အသိပေးလိုပါတယ်။

ဒါတွေက ဘာနဲ့တူသလဲဆိုတော့ ကျွန်တော်တို့ လူငယ်လူရွယ်တွေအပေါ်မှာ ပစ်မှတ်ထားပြီးတော့ တောထဲကိုရောက်အောင်၊ လူငယ်လူရွယ်တွေကို အကြမ်းဖက်လမ်းစဉ်ကိုရောက်အောင် ပြည်ဖျက်မီဒီယာများနဲ့ အကြမ်းဖက်အဖွဲ့တွေက လှုံ့ဆော်တိုက်တွန်းနေတာ ဖြစ်ပါတယ်။ သားကောင်ဖမ်းသလိုပဲ။ မီဒီယာတွေက သံပုံးတီးပေးတယ်၊ ခြောက်လှန့်ပေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းတွေက လာမယ့်လမ်းမှာ ပိုက်တားပြီးတော့ ဖမ်းတဲ့သဘောပါပဲ။ ကျွန်တော် လွန်ခဲ့တဲ့ နှစ်ရက်လောက် ဆက်တိုက်ပြောပြီးဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အကျုံးဝင်တဲ့သူ ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၃ သန်းရှိတယ်။ သိန်းပေါင်း ၁၃၀ ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့အနေနဲ့ တစ်နှစ်ကို ခေါ်ယူလေ့ကျင့်ပေးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းဆောင်ရမယ့်၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမယ့် လူဦးရေ ငါးသောင်း၊ ခြောက်သောင်းထက် မပိုပါဘူး။ ပြောရမယ်ဆိုရင် လူဦးရေ သိန်း ၁၃၀ ဖြစ်တဲ့အတွက် ၁ ရာခိုင်နှုန်းဆိုရင် တစ်သိန်း သုံးသောင်းရှိမယ်။ သုည ဒသမ ငါးရာခိုင်နှုန်းလောက်တောင်မှပဲ ကျွန်တော်တို့ စနစ်တကျခေါ်ယူလေ့ကျင့်သင်ကြားပေးဖို့ ခက်ခဲပါတယ်။ ဒ့ါထက်အောက်ကိုပဲ ခေါ်ယူရမှာဖြစ်တယ်၊ ခေါ်ယူနိုင်မှာဖြစ်တယ်။ တစ်နှစ်မှာမှ လူဦးရေ ၂၀၀ မှာ ၁ ယောက်ပဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ မိဘပြည်သူများနဲ့ လူငယ်လူရွယ်များ နေထိုင်နေတဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ အကျုံးဝင်တဲ့လူဦးရေ ဘယ်လောက်ရှိလဲ တွက်ကြည့်ပါ။ ဒီလူတွေက ဒီနှစ်မှာ ခေါ်ယူလေ့ကျင့်တယ်၊ နောက် တာဝန်ထမ်းဆောင်တယ်။ နောက် ၂ နှစ်ကြာရင်သူက စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်း ကျေပွန်တာဖြစ်ပါတယ်။ ဒါကြောင့် အလှည့်ကျဆောင်ရွက်နေတာဖြစ်တယ်။ လူနှစ်ရာမှာ တစ်ယောက်တောင်မှ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ဖို့ နည်းပါတယ်။ ဒီဟာတွေကို မိဘပြည်သူများနဲ့ လူငယ်လူရွယ်များ အားလုံးသိရှိထားဖို့လိုတယ်လို့ ကျွန်တော်ပြောလိုပါတယ်။

ဒ့ါအပြင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းအတွက် လူငယ်တွေ ဘာအကျိုးကျေးဇူးရလဒ်တွေရမလဲဆိုရင် မိမိနိုင်ငံကိုကာကွယ်ဖို့၊ မိမိနိုင်ငံကို ကာကွယ်နိုင်တဲ့ အသိပညာတွေ၊ အတတ်ပညာတွေကို လူငယ်တိုင်း လူငယ်တိုင်း၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်း တတ်မြောက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် တပ်မတော်ဆိုတာ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အစည်းဆိုတာ အဖွဲ့အစည်းနဲ့လုပ်တတ်ကိုင်တတ်တဲ့စိတ်ဓာတ် Team work, Team Spirit ရရှိလာမှာ ဖြစ်ပါတယ်။ ဘဝတစ်လျှောက်လုံးအတွက် အရေးပါတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့သူတွေ၊ နိုင်ငံချစ်စိတ်ရှိတဲ့သူတွေ အချင်းချင်း၊ မိတ်ဆွေတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်တဲ့စိတ်တွေ ရရှိသွားမှာဖြစ်တယ်။ ပြီးရင် တစ်ဦးချင်း စည်းကမ်းလိုက်နာလိုတဲ့ စိတ်တွေ၊ တစ်ဦးချင်း စည်းကမ်းတကျ ဘယ်လိုနေရမယ်ဆိုတာတွေ ရရှိသွားမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့ စွမ်းရည်စွမ်းအားတွေကို တိုးတက်ရရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်က ယခုအချိန်ထိကျောင်းတွေမှာ ဆိုနေရပါတယ်။ အရင်တုန်းက ကျောင်းကောင်စီသီချင်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်၊ ဒီနိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းက မိမိကိုယ်ကိုလည်း ကောင်းစေလာမှာ ဖြစ်ပါတယ်။ မိမိအဖွဲ့အစည်းကိုလည်း ကောင်းစေလာမှာ ဖြစ်ပါတယ်။ မိမိတိုင်းပြည်ကိုလည်း ကောင်းစေလာမှာ ဖြစ်တယ်ဆိုတာကို အလေးအနက် ယုံကြည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ဒီနိုင်ငံ၊ ဒီလူမျိုးကို ဒီနိုင်ငံသား၊ ဒီလူမျိုးက မကာကွယ်ရင် ဘယ်သူကာကွယ်မလဲ။ အခြားလူမျိုးတွေက ကာကွယ်သွားလိမ့်မယ်။ အခြားလူမျိုးတွေက ကာကွယ်သွားတဲ့အချိန်မှာ ဒီနိုင်ငံ၊ ဒီလူမျိုးဆိုတာကလည်း ပျောက်ကွယ်သွားပြီး ဖြစ်ပါလိမ့်မယ်။ ဒါတွေကို မိဘပြည်သူများ၊ မျိုးချစ်စိတ်ရှိကြတဲ့၊ နိုင်ငံချစ်စိတ်ရှိကြတဲ့ လူငယ်လူရွယ်များက အလေးထားကြဖို့၊ အသိတရားထားကြဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “MYAT KYAW” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နေ မြတ်ကျော်အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စွမ်းဆောင်မှုမြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစီးဌာန၊ စက်မှုလုပ်ငန်းများအနေဖြင့် စဉ်ဆက်မပြတ် ပြုလုပ်ပေးမှသာ ခေတ်မီနည်းပညာရပ်များကို ရရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများအား လုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနမှူးများအနေဖြင့် စက်မှု ဝန်ကြီးဌာန၏ကိုယ်စား တိုင်းဒေသကြီး ပြည်နယ်များတွင် တာဝန် ထမ်းဆောင်နေသူများ ဖြစ်သဖြင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို သိရှိအောင် ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဦးတည်ချက်များကိုလည်း သိရှိလိုက်နာဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ဘွိုင်လာ၊ လျှပ်စစ်၊ ပုဂ္ဂလိက စက်မှုမှတ်ပုံတင်၊ စက်မှုလုပ်ငန်းများကြီးကြပ်ရေး၊ MSME များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရသည့်အတွက် တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သင်တန်းပြီးဆုံးပါက သင်တန်းနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများ ထပ်မံဖွင့်လှစ်ပါက လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းဆောင်မှုမြှင့်တင်ခြင်း လုပ်ငန်းများကို ဦးစီးဌာန၊ စက်မှုလုပ်ငန်းများအနေဖြင့် စဉ်ဆက်မပြတ် ပြုလုပ်ပေးမှသာ ခေတ်မီနည်းပညာရပ်များကို ရရှိမည်ဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကို ပြန်လည်အသုံးပြုကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်မှုသင်တန်းကို နှစ်ရက်ကြာ ပြုလုပ်သွားမည် ဖြစ်ပြီး သင်တန်းတွင် စက်မှုဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများက စက်မှုဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များ၊ ဦးစီးဌာန၊ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁၉) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁၉) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ စည်းလုံးပျော်ရွှင်စွာ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထများ ရရှိစေရန်နှင့် ဝန်ထမ်းများ၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်မှု ရှိစေရန်အတွက် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စည်းလုံးညီညွတ် ပျော်ရွှင်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဦးစီးဌာနအလိုက် ပြိုင်ပွဲဝင်အသင်းများ၏ တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး **(ယာပုံ)** ဆုရရှိသည့်အသင်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက နည်းပညာပိုင်းဆိုင်ရာ စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာအရ ဆောင်ရွက်ရမည့် လုပ်ငန်း ၄၆၁ ချက်နှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်း ၁၉၁ ချက်တို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအခြေအနေ၊ အောက်ဆီဂျင် ထုတ်လုပ်ရေး အလုပ်ရုံတွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးက စက်ရုံရှိစက်ပစ္စည်းများ တပ်ဆင်ခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ရုံရှိ ဝန်ထမ်းများ၊ ပြည်တွင်းကုမ္ပဏီများမှ အင်ဂျင်နီယာပညာရှင်များဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာစက်ရုံရှိ ဝန်ထမ်းများသည် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သောနည်းပညာများကို ရရှိမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင် ထုတ်လုပ်ရေး အလုပ်ရုံကို စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများ၏ အဆိုပြုတင်ပြချက်များကို နှိုင်းယှဉ်လေ့လာစိစစ်၍ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို တင်ပြဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ စက်ရုံရှိ တာဝန်ရှိသူများအနေဖြင့် အထူးအလေးထား စနစ်တကျ စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံအတွင်းရှိ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး အလုပ်ရုံအတွင်း ပိုက်လိုင်းနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Romelt Shop တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ အောက်ဆီဂျင် ထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများကို ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကျောင်းကုန်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၀ မှ ပြည်သူ ၆၂၄ ဦး၊ ဖျာပုံမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၅ ခုမှ ပြည်သူ ၇၀၀ စုစုပေါင်း ၁၃၂၄ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကို ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေးစီမံကိန်းစတင်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနက ကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်မည့် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံ အဆောက်အအုံခိုင်မာအားကောင်း စေရေးနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှု နည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသား အရည်အသွေး ထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်း(Project on Strengthening National Quality Infrastructure and Implementation of National Certification Body for Certifying Products, Processes and Services) စတင်ခြင်းအခမ်းအနားနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်တွေ့ဆုံဆွေးနွေးခြင်း ဖိုရမ် (Stakeholders Engagement Forum on Standards and Quality for Trade Facilitation and Industry Development) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ MERCURE ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများရှိ အရည်အသွေး ထောက်ခံချက်ပေးရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူး Ms. Qiao Li နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာတို့က အမှာစကားပြောကြားကြသည်။

အဆိုပါစီမံကိန်းအရ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်း စေနိုင်ကြောင်းနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအရည်အသွေးထောက်ခံချက် ထုတ်ပေးရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အရည်အသွေး ကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များဖြစ်သော အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့များ၊ စမ်းသပ်ခန်းများ၊ စံကိုက်ညှိဓာတ်ခွဲခန်းများနှင့် အရည်အသွေး စစ်ဆေးရေးအဖွဲ့များ မှတ်ပုံတင်ခြင်း (Registration) နှင့် အသိအမှတ်ပြုခြင်း (Designation) လုပ်ငန်းစဉ်များကို အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အတည်ပြုချက်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို ချမှတ်ဆောင်ရွက်နိုင်ရန် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် Stakeholders Engagement Forum ကို ကျင်းပရာ ပြည်တွင်းရှိ အရည်အသွေးစစ်ဆေးရေး ကိုက်ညီမှုစစ်ဆေးရေး လုပ်ငန်းစဉ်များကို Stakeholder များ၏ လုပ်ငန်းလိုအပ်ချက်များနှင့် လိုက်ပါပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနသို့ မှန်ပြောင်းကြည့် ခွဲစိတ်ကုသမှုနည်းပညာ လေ့ကျင့်ရေးစက် ငါးစုံ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

Zeya & Associates Co.,Ltd မှ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနရှိ ဆေးတက္ကသိုလ်ငါးခုတွင် အသုံးပြုရန် မှန်ပြောင်းနှင့် ခွဲစိတ်ကုသခြင်းအတွက် သင်ကြားရေးအထောက်အကူပြု မှန်ပြောင်းကြည့် ခွဲစိတ်ကုသမှုနည်းပညာ လေ့ကျင့်ရေးစက် (Laparoscopic Simulator)ငါးစုံ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်ငါးခုမှ ခွဲစိတ်ကုပညာဌာန ပါမောက္ခ၊ ဌာနမှူးများနှင့် Zeya & Associates Co.,Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယခုကဲ့သို့ ခေတ်မီသင်ကြားရေး အထောက်အကူပြု ပစ္စည်းများ အထူးပင်လိုအပ်သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ကုသမှုနည်းပညာများ တတ်ကျွမ်းနေစေရန်အတွက် လေ့ကျင့်ရေးပစ္စည်းများလိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မှန်ပြောင်းကြည့်ခွဲစိတ်ကုသမှု (Laparoscopic Surgery) များ ဆောင်ရွက်နိုင်ရန် လိုအပ်သော ခေတ်မီပစ္စည်းများကို ဖြည့်ဆည်းပေးထားသည့်အတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုရန်လိုကြောင်း၊ နိုင်ငံတော်ကလည်း မူဝါဒများဖြေလျှော့ပေးပြီး ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်စေရန် အားပေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် Zeya & Associates Co.,Ltd မှ Deputy Managing Director ဒေါက်တာခိုင်ခိုင်မြင့်က Laparoscopic Simulator ငါးစုံကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် Zeya & Associates Co.,Ltd မှ Deputy Managing Director ဒေါက်တာ ခိုင်ခိုင်မြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

အဆိုပါ ပွဲစဉ်ကို လာဇီယိုအသင်းအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၇၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ငါးရက်အတွင်း နှစ်ပွဲမြောက် ရှုံးပွဲကို ကြုံတွေ့ခဲ့ခြင်းဖြစ်ပြီး အသင်းနည်းပြ တူချယ်အတွက်လည်း ဖိအားမြင့်တက်လာပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် စနေနေ့ကလည်း ဘွန်ဒက်စ်လီဂါတွင် ဦးဆောင်သူ လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်အတွက် ရမှတ်ကွာဟမှု ငါးမှတ်အထိ ရှိလာပြီဖြစ်သည်။

**အခွင့်အရေးများကို ဖြုန်းတီး**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းမှ အားထားရသည့် ကိန်း၊ မူလာ၊ ဆာနေး စသည့်ကစားသမားများဖြင့် လာဇီယိုအသင်းကို ရင်ဆိုင်လာခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဖြုန်းတီးခဲ့သည့်အပြင် ပွဲချိန်တစ်လျှောက် လာဇီယိုအသင်းဘက်သို့ ဂိုးပေါက်တည့်မတ်မှုပင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။ လာဇီယိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် အင်မိုဘီလီက သွင်းယူပေးခဲ့သည်။

**ယှဉ်ပြိုင်ကစားသွားမည်ဖြစ်**

လာဇီယိုနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) အသင်းအဆင့် ဒုတိယအကျော့ကို မတ်လ ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၂ နာရီခွဲတွင် အခြားသောပွဲစဉ်အဖြစ် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီနှင့် လာလီဂါကလပ် ဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ပီအက်စ်ဂျီအသင်းက အမ်ဘာပေ၊ ဘာကိုလာတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

◆ *ကျော်ဖုံးမှ*

ရှမ်းယူနိုက်တက်၊ Glory Goal ၊ ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ Rainbow၊ အုပ်စု (ဂ) တွင် ဟံသာဝတီယူနိုက်တက်၊ Dagon Port ၊ ဒဂုံစတားယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်၊ ငွေကြယ်ပွင့်၊ အုပ်စု (ဃ)တွင် အား/ကာသိပ္ပံ၊ သစ္စာအားမာန်၊ မြဝတီ၊ ရတနာပုံနှင့် ရက္ခပူရယူနိုက်တက် အသင်းတို့ ပါဝင်သည်။

**အုပ်စုမဲခွဲ**

မြန်မာနေရှင်နယ်လိဂ်သည် အုပ်စုမဲခွဲရာတွင် ၂၀၂၃ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်၊ ဒုတိယရသည့် ရန်ကုန်ယူနိုက်တက်၊ တတိယရသည့် ဟံသာဝတီယူနိုက်တက်နှင့် စတုတ္ထနေရာရသည့် အား/ကာသိပ္ပံအသင်းတို့ကို ဆီဒင်-၁ သတ်မှတ်ကာ မဲနှိုက်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

**နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်**

အုပ်စုပွဲများကို မတ် ၁ ရက်မှ မေ ၂၁ ရက်အထိ သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ တက္ကသိုလ်ကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အုပ်စု (က) ပထမနှင့် အုပ်စု (ဃ) ပထမ၊ အုပ်စု (ခ) ပထမနှင့် အုပ်စု (ဂ) ပထမတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅၊ ၂၆ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ - သော်လေး**

## တိမ်အနည်းငယ်ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ရွာများတွင် ပေါ်တာဆွဲနေကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအတု၊ သတင်းအမှားများအား လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေရေးသားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာများမှာ ပေါ်တာဆွဲနေကြောင်း၊ ဖမ်းဆီးနေကြောင်းနှင့် ငွေကြေးတတ်နိုင်သူများက ပိုက်ဆံပေးရင် ပြန်လွှတ်ပေးနေကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ထွက်ပေါ်နေကြောင်း သိရှိရသည်။ ၎င်းသတင်းများသည် မဟုတ်မမှန်ကြောင်းကို နိုင်ငံပိုင်မီဒီယာများကလည်း အခါအားလျော်စွာ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ နေ့စဉ်လူမှုဘဝမှာ လုံခြုံအေးချမ်းစွာ နေထိုင်သွားလာ လှုပ်ရှားနိုင်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဧည့်စာရင်းစစ်ဆေးခြင်းများကို မြို့၊ ရွာများတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဧည့်စာရင်းမတိုင်ဘဲ နေထိုင်သူများ၊ အိမ်ထောင်စု စာရင်းဝင် မဟုတ်သူများ၊ အိမ်ထောင်စုစာရင်း မပြနိုင်သူများကို စစ်ဆေးတွေ့ရှိပါက ရဲစခန်းနှင့် သက်ဆိုင်ရာဌာနများသို့ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ခေါ်ယူစစ်ဆေးရာတွင် ဧည့်စာရင်းမတိုင်ထားသူ၊ အိမ်ထောင်စုစာရင်းဝင် မဟုတ်သူ၊ အိမ်ထောင်စုစာရင်း မပြနိုင်သည့်သူများ၊ စည်းကမ်းနှင့် မကိုက်ညီသူများကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်နေပြီး အထောက်အထားပြည့်စုံစွာ တင်ပြနိုင်သူများကိုလည်း ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသည့်သူများက အများပြည်သူ ထိတ်လန့် တုန်လှုပ်ချောက်ချားစေရန်ရည်ရွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကညဘက်များတွင်ပေါ်တာဆွဲနေကြောင်း၊ ပိုက်ဆံပေးလျှင် ပိုက်ဆံယူပြီး ပြန်လွှတ်ပေးနေကြောင်းဖြင့် သတင်းအတု၊ သတင်းအမှားများ ထုတ်လွှင့်နေခြင်းအပေါ် အများပြည်သူများ သတင်းမှန်သိရှိစေရေး၊ ထိတ်လန့်ကြောက်ရွံ့မှုများ မဖြစ်စေရေးနှင့် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ကန်ကြီးထောင့်မြို့ မြင်းကဆိပ်တွင် စစ်သင်္ဘောဆိုက်ကပ်ပြီး ဒေသခံလူငယ် ၄၀ ကျော်ကို စစ်မှုထမ်းရန် စီစဉ်နေကြောင်းနှင့် ပုသိမ်မြို့၊ ပုသိမ်ကြီးမြို့တို့တွင် စစ်မှုထမ်းဆောင်ရန်နှင့် ပတ်သက်၍ သတင်းအတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ မြင်းကဆိပ်တွင် စစ်သင်္ဘော ဆိုက်ကပ်ပြီး ဒေသခံလူငယ် ၄၀ ကျော်ကို စစ်မှုထမ်းရန် စီစဉ်နေကြောင်း သတင်းအတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။










ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခန့်က ကန်ကြီးထောင့်မြို့ မြင်းကဆိပ်ကျေးရွာသို့ စစ်သင်္ဘော ဆိုက်ကပ်ခဲ့ခြင်း လုံးဝမရှိကြောင်းနှင့် မြင်းကဆိပ်ကျေးရွာသည် ဆန်စက်ကြီး ခုနစ်လုံး တည်ရှိပြီး ဆန်၊ စပါးများကို ပုသိမ်၊ ရန်ကုန်နှင့် အခြားမြို့နယ်များသို့ သယ်ဆောင်ပေးပို့ခြင်းများအတွက် စက်လှေ၊ သင်္ဘောများ နေ့စဉ် ဆိုက်ကပ်လျက်ရှိပြီး စည်ကားသည့် ဆိပ်ကမ်းတစ်ခုတည်ရှိသည့် ရွာကြီးတစ်ရွာဖြစ်ကြောင်းနှင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှု များပြားပြီး အနီးဝန်းကျင်ကျေးရွာများမှ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားသည့် ကျေးရွာကြီးဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ပုသိမ်တက္ကသိုလ် ဆရာနှင့် ကျောင်းသားများ စစ်မှုထမ်းရမည်ဟု ပြောကြားမှုရှိခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စုမှ ဆယ်တော်ကျေးရွာ၊ တမုတ်စိုးကျေးရွာတို့မှ လူငယ် ၃၅ ဦးအား စစ်မှုထမ်းရန် ဖမ်းဆီးခဲ့ကြောင်း ကောလာဟလ သတင်းအတု၊ သတင်းမှားများကို ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ပြည်ဖျက်မီဒီယာအချို့မှ သွေးထိုးလှုံ့ဆော်နေကြောင်း တွေ့ရှိရပြီး လုပ်ကြံဖန်တီး လိုရာရေးသား၍ ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ပြည်ဖျက်မီဒီယာအချို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှလည်း နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ရှင်းလင်း ပြောကြားလျက်ရှိပြီး ပြည်သူများ ထင်ယောင်ထင်မှား မဖြစ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိရှိလိုသည့် အချက်များကို အသေးစိတ် စုံစမ်းမေးမြန်းနိုင်ရန် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ကြေညာပေးပြီးဖြစ်ကာ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့်ပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးသည့် လုပ်ရပ်များ၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခြင်း မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကင်းမွန်မီးထွန်းလှေတစ်စင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၀ မိုင်အကွာ၌ ကောင်းကောင်း အမည်ရှိ ကင်းမွန်မီးထွန်း လှေတစ်စင်းရေဝင်နစ်မြုပ်နေကြောင်း ဒေသခံငါးဖမ်းလှေများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ကယ်ဆယ်ရန် သွားရောက်ရှာဖွေရာ လှေကိုမတွေ့ရှိဘဲ အမှတ်အသားပြု ဘွိုင်ကိုသာ တွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်အား ဆက်လက်လိုက်လံရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေစဉ် လှေသား သုံးဦးကို ရှာဖွေတွေ့ရှိ ကယ်ဆယ်ခဲ့ပြီး အဆိုပါ လှေသားများ၏ ပြောကြားချက်အရ မီးထွန်းလှေတွင် လှေသား ရှစ်ဦးပါရှိကြောင်း သိရှိရ၍ ဆက်လက်လိုက်လံရှာဖွေရာ ၎င်းနေရာအနီးတွင်ရှိသော ရတနာထွန်း-၁ အမည်ရှိ မီးထွန်းလှေမှ လှေသား လေးဦးအား ကယ်ဆယ်ထားသဖြင့် စုစုပေါင်းလှေသား ခုနစ်ဦးအား ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရွှေဘိုမြို့နယ် ချီပါကျေးရွာမှ ပြည်သူ ၆၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် ဂန့်ဂေါဒေသခံ ၁၀ ဦးကို သတ်ဖြတ်သွားကြောင်း သတင်းအတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ချီပါကျေးရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဝင်ရောက်စီးနင်းပြီး ချီပါတောင်ရွာနှင့် ချီပါမြောက်ရွာတို့မှ ပြည်သူ ၆၀ ကျော်ကို ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ချီပါကျေးရွာအနီးတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ဒေသခံများအား ဖမ်းဆီးခြင်း မရှိကြောင်း သိရှိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး ပူးပေါင်းအဖွဲ့များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်က သင်တောကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခြုံရေးပူးပေါင်းအဖွဲ့များ၏ ပြန်လည် တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း မြေပြင်သတင်းပေးပို့ချက်များအရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံအတွင်း အလုံးစုံပျက်သုဉ်းရေးကို ဦးတည်လုပ်ဆောင်နေပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအား သတင်း အမှောင်ချပြီး တစ်ဖက်သတ် စွပ်စွဲရေးသားချက်များကိုသာ အမြဲထုတ်လွှင့်နေလျက်ရှိသည်။ ယခုဖြစ်စဉ်သည်လည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ပြည်သူများက ကြောက်ရွံ့ ထိတ်လန့်လာပြီး လက်ခံနိုင်ခြင်း မရှိသည်ကို တန်ပြန်ဝါဒဖြန့် ဆောင်ရွက်ခြင်းနှင့် မြေပြင်တွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများမှ တိုက်ပွဲများတွင် ထိခိုက်သေဆုံးမှုများပြားနေခြင်းကြောင့် တိုက်ခိုက်လိုစိတ်များမရှိတော့သည့်အတွက် ထိုသို့ ဝါဒဖြန့်မှုများ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ငါးပါကင်နှင့် ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ငါးနီကယ် ၉၄ ဒသမ ၈၉၀ တန်၊ ငါးပုလွေ ၇၀ ဒသမ ၂၁၀ တန်၊ ပလာတူးခက် ၂၂၀ ဒသမ ၄၀၀ တန်၊ ပလာလန်း ၂၅ ဒသမ ၅၈၀ တန်၊ လိုင်း၀ါ ၃၅ ဒသမ ၉၆၀ တန်၊ ကင်းမွန် ၃၉ ဒသမ ၈၇ တန်၊ ကင်းမွန်လိပ် ၁၀ ဒသမ ၉၀၀ တန်၊ စက်ဟောက် ၁၃၉ ဒသမ ၃၈ တန်၊ တာ၀မ် ၇၀ ဒသမ ၀၆ တန်နှင့် ပါကင် ၁၉၆ ဒသမ ၅၀၀ တန်တို့ ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့်ပစ္စည်းမှာ သံပီပါအလုံး ၁၁၀၀၊ ဖိနပ် အရန် ၄၈၆၀ ၊ ကွန်ပျူတာအပိုပစ္စည်း ၄၆ ခု၊ ဓာတုပစ္စည်း ၁၅ ဒသမ ၅၀၀ တန်၊ လူသုံးပစ္စည်း ၅ ဒသမ ၆၁၇ တန်နှင့် ကျောက်ချဉ် ၃၅ ဒသမ ၀၀ တန်တို့ တင်သွင်းခဲ့သည်။

ပို့ကုန်ပစ္စည်းများ တစ်တန် ဈေးနှုန်းအနေဖြင့် ငါးနီကယ် ၈၀၃ ဒသမ ၅၅ အမေရိကန်ဒေါ်လာ၊ ငါးပုလွေ အမေရိကန်ဒေါ်လာ ၁၁၀၂ ဒသမ ၅၀၊ ပလာတူးခက် အမေရိကန်ဒေါ်လာ ၈၁၀၊ ပလာလန်း အမေရိကန်ဒေါ်လာ ၁၁၀၀ ၊ လိုင်း၀ါ အမေရိကန်ဒေါ်လာ ၉၀၀၊ ကင်းမွန်လိပ် ၂၁၁၉ ဒသမ ၂၈ အမေရိကန်ဒေါ်လာ၊ စက်ဟောက် ၇၅၃ ဒသမ ၇၆ အမေရိကန်ဒေါ်လာ၊ တာ၀မ် ၇၃၁ ဒသမ ၀၂ အမေရိကန်ဒေါ်လာနှင့် ပါကင် ၄၅၀ ဒသမ ၀၃ အမေရိကန်ဒေါ်လာ တို့ဖြစ်သည်။

သွင်းကုန်ပစ္စည်းများ ဈေးနှုန်းအနေဖြင့် သံပီပါတစ်လုံးလျှင် ၃ ဒသမ ၉၄၄ အမေရိကန်ဒေါ်လာ၊ ဖိနပ်တစ်ရန်ဈေးနှုန်း ၀ ဒသမ ၁၂၇ အမေရိကန်ဒေါ်လာ၊ ကွန်ပျူတာအပိုပစ္စည်းတစ်ခု ၈၉၆ ဒသမ ၀၀၇ အမေရိကန်ဒေါ်လာ၊ ဓာတုပစ္စည်းတစ်တန် ၂၃၃ ဒသမ ၂၆၈ အမေရိကန်ဒေါ်လာ၊ လူသုံးပစ္စည်းတစ်တန် ၅၁၂ ဒသမ ၇၄၀ အမေရိကန်ဒေါ်လာနှင့် ကျောက်ချဉ်တစ်တန်၁၆၀ ဒသမ ၈၂၅ အမေရိကန်ဒေါ်လာတို့ဖြစ်ကြောင်း သိရှိရသည်။

**DOT (ကော့သောင်း)**

# စီးပွားရေးတိုးတက်ကောင်းမွန်သည့် ရော်ဘာကဏ္ဍ

မွန်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံးပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၄၀ ရာခိုင်နှုန်းဖြစ်ကာ ထွက်ရှိမှုမှာ တစ်နိုင်ငံလုံးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ ရော်ဘာလုပ်ငန်းသည် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်(၃)ရပ်နှင့် အညီ နိုင်ငံတော်အတွက် စက်မှုကုန်ကြမ်းများတိုးတက်ရရှိခြင်း၊ MSMEs စီးပွားရေးလုပ်ငန်းများအတွက် စက်မှုကုန်ကြမ်းရရှိစေသည့်အတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ရော်ဘာစိုက်ပျိုးသူများမှာ မြန်မာ့နှစ်ရှည်အပင်လုပ်ငန်းမှ ထောက်ခံသော မျိုးများကို စိုက်ပျိုးလျက်ရှိပြီး မျိုးသစ်များဖြစ်သော RRIM 2000 Series (Cones)များကိုလည်း တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ သုတေသနတွေ့ရှိချက်များအရ ယင်းစိုက်ခင်းများမှ လက်တွေ့သိရှိရသော ထွက်ရှိမှု၊ ကြီးထွားမှု၊ ရောဂါပိုးမွှားကျရောက်မှုဒဏ်ခံနိုင်မှုစသည့် အချက်အလက်များနှင့် မွန်ပြည်နယ်၏ ရေမြေသဘာ၀၊ ရာသီဥတုနှင့် ကိုက်ညီသော မျိုးစိတ်များကိုသာ စိုက်ပျိုးကြကြောင်း သိရသည်။

မွန်ပြည်နယ်တွင် ထုတ်လုပ်ရောင်း၀ယ်နေသော ရော်ဘာအမျိုးအစားများမှာ RSS (Ribbed smoke sheets) နှင့် TSR(Technically Specified Rubber) များဖြစ်ပြီး မှိုင်းခံရော်ဘာ အတန်းအစား ငါးမျိုးဖြစ်သော RSS 1, RSS 2, RSS 3, RSS 4, RSS 5 ဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း၊ မွန်ပြည်နယ်ရှိ ရော်ဘာခြံအများစုမှာ မှိုင်းခံရုံမရှိ၍ ရော်ဘာကိုနေလှန်း၍ အစိမ်းပြားအနေဖြင့်သာ ရောင်းချမှုအများအပြားရှိပြီး မှိုင်းခံရုံရှိသော ရော်ဘာခြံအနည်းငယ်သာလျှင် ရော်ဘာကိုမှိုင်းခံ၍ မှိုင်းခံရော်ဘာအဖြစ် ရောင်းချကြကြောင်း၊ ပြည်နယ်အတွင်း ရော်ဘာသုံးစွဲမှုအနေဖြင့် တာယာစက်ရုံ၊ ခရမ့်ရော်ဘာစက်ရုံ၊ သရေကွင်း၊ ပူဖောင်း၊ ဘောလုံး၊ ဖိနပ်စသည့်လုပ်ငန်းများမှ ရော်ဘာတန်ချိန် ၁၂၀၀၀ ခန့် သုံးစွဲလျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုအနေဖြင့် ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသောရော်ဘာများကို ပုဂ္ဂလိကဝယ်လက်များမှတစ်ဆင့် ရော်ဘာအဝယ်ဒိုင်၊ ကုမ္ပဏီများတွင် စုစည်း၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ကုမ္ပဏီကြီးများသို့ တင်ပို့ပြီး ထိုမှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချကြကြောင်း သိရှိရသည်။

**DOCA (မွန်)**

# ဗိုလ်ကိတ်ပဲအသစ်များ လက်လီ / လက်ကားအရောင်းအ၀ယ်ဖြစ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးပတ်ဝန်းကျင် ဒေသများမှ ထွက်ရှိသော ဆောင်းပဲသီးနှံ တစ်မျိုးဖြစ်သည့် ဗိုလ်ကိတ်ပဲသီးနှံများ ပြည်ပဲဈေးကွက်သို့ နေ့စဉ်ဝင်ရောက်၍ လက်လီ/လက်ကား အရောင်းအ၀ယ်ဖြစ်လျက်ရှိကြောင်း၊ ဗိုလ်ကိတ်ပဲ ဝင်ရောက်မှုအနေဖြင့် အိတ်ရေ ၅၀-၁၀၀ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး လက်လီရောင်း၀ယ်မှုအပြင် လက်ကားရောင်း၀ယ်မှုများလည်းရှိသည့်အတွက် ဝင်ရောက်သမျှ အရောင်းအ၀ယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်ဆန်းပိုင်းတွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ငွေကျပ် ၄၁၀၀၀ ဖြင့် အရောင်းအ၀ယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ပဲတစ်တင်းလျှင် ငွေကျပ် ၇၆၀၀၀ မှ ၇၇၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း၊ ဗိုလ်ကိတ်ပဲသီးနှံသည် ပဲအသစ်များ လှိုင်လှိုင်ဝင်ရောက်ချိန်တွင် ဈေးကွက်အတွင်း လက်လီ/လက်ကားရောင်း၀ယ်မှု အများအပြားရှိသော်လည်း ကျန်ကာလများတွင် ပဲများကို သိုလှောင်ခြင်းဖြင့် လက်လီအရောင်းအ၀ယ် ပုံမှန်ရှိသည့် ပဲသီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိရသည်။

**DOCA (ပဲခူး)**

# လွယ်ဂျယ်ကုန်သွယ်ရေး စခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ၁၂ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပို့ကုန်ပိုင်းတွင်ဆန် ၁၃၁ ဒသမ ၅၀၀ တန်၊ ဆန်ကွဲ ၃၉၇ ဒသမ ၅၀၀ တန်၊ မြေထောက်ပဲ ၆၄ ဒသမ ၆၁၄ တန်နှင့် ကြံ ၇၅ ဒသမ ၀၀၀ တန်တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းများ တစ်တန်ဈေးနှုန်းအနေဖြင့် ဆန် ဒေါ်လာ ၅၆၀၊ ဆန်ကွဲ ဒေါ်လာ ၄၅၀ ၊ ပြောင်း ၂၅၅ ဒေါ်လာ၊ ဖရဲသီး ဒေါ်လာ ၁၅၀ ၊ တစ်သျှူးငှက်ပျော ဒေါ်လာ ၃၈၀ နှင့် ပဲတီစိမ်း ဒေါ်လာ ၆၅၀ ရှိကြောင်း သိရှိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းတွင် သံ ၃၁ ဒသမ ၁၀ တန်၊ ကုန်စုံ ၁၄၉ ဒသမ ၉၃ တန်နှင့် ပိုက် ၁၂ ဒသမ ၈၀၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများ တစ်တန်ဈေးနှုန်းအနေဖြင့် စက္ကူလိပ် ဒေါ်လာ ၃၅၀၊ ပီနံအိတ် ဒေါ်လာ ၈၀၀၊ ပိတ်လိပ် ဒေါ်လာ ၅၇၀ ၊ ဂျပ်ဖာ ဒေါ်လာ ၃၉၀ နှင့် ချည်ခင် ၆၆၇ ဒေါ်လာရှိကြောင်း သိရှိရသည်။

**DOT (လွယ်ဂျယ်)**

## ၁၄-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)


| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၁၄၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၇၅၀၀ | ၁၁၃၀၀ | ၈၂၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၅၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၆၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၈၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၃၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၃၇၀၀ | ၂၇၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၄၅၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# မန်းရွှေစက်တော်ဘုရား အကြိမ် (၂၅၉၀) မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော်ဖွင့်ပွဲနှင့် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းဖွင့်လှစ်ခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ်ကျင်းပ

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား အကြိမ် (၂၅၉၀) မြောက် ဗုဒ္ဓပါဒပူဇနိယ ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနား(**အောက်ပုံ**)နှင့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဖွင့်လှစ်ခြင်း ငါးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ မန်းရွှေစက်တော်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်း၊ ဗိုလ်မှူးချုပ် မျိုးသန့်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်းနှင့် ဗိုလ်မှူးချုပ် မျိုးသန့်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းငွေးတို့က ဗုဒ္ဓပါဒပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တခမာစာရတို့က မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများ ဆောင်ရွက်သည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလဆန်း ၅ ရက်)မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ရက်ပေါင်း ၆၄ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများ ညအိပ်တည်းခိုနားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၁၀၀၀ ခန့်နှင့် ဈေးဆိုင် ခန်းပေါင်း ၈၀၀ ကျော်ကို ဆောက်လုပ်ပေးထားကြောင်း သိရသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးသစ်ထုတ်ရေးဒေသ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းဖွင့်ပွဲနှင့် ဆင်စခန်း ဖွင့်လှစ်ခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးသည်။ **မောင်မောင်(မင်းဘူး)**

## နိုင်ငံရေးအကျဉ်းသူ ဆေးကုသမှု လုံလောက်စွာမရ၍ သေဆုံးသွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့ အိုးဘိုထောင်မှ နိုင်ငံရေးအကျဉ်းသူ မယဉ်မိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာမရရှိခဲ့ဘဲ ကျောက်ကပ်ရောဂါဖြင့် မန္တလေးဆေးရုံကြီး၌ သေဆုံးသွားကြောင်း၊ ထောင်တွင်းဆေးရုံ၌ မည်သည့် ရောဂါမှန်း မသိဘဲ ကုသမှုခံယူနေရင်း နေမကောင်းလိုက်၊ ပြင်ပဆေးရုံပို့လိုက်၊ လုံခြုံရေး မပေးနိုင်ဘူးဆို၍ အကျဉ်းထောင်သို့ ပြန်ပို့လိုက်နှင့် ဖေဖော်ဝါရီ ၄ ရက်တွင် သေဆုံးသွားကြောင်း၊ အကျဉ်းထောင်တွင် ဆေးဝါးကုသမှု လုံလောက်စွာ မရရှိကြောင်း Mizzima–News in Burmese Facebook Page မှ ဖေဖော်ဝါရီ ၇ ရက်က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ အကျဉ်းသူ မယဉ်မိုးအား မြင်းခြံထောင်တွင် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါနှင့် အမောဖောက်ရောဂါတို့ကြောင့် ထောင်ဆေးရုံ၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၁၀ ရက်အထိ ကုသပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ဇူလိုင် ၁၀ ရက်တွင် လွှဲပြောင်းကုသပေးခဲ့ကြောင်း၊ မြင်းခြံပြည်သူ့ဆေးရုံမှ သမားတော်ကြီးများက မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးကို ပြောင်းရွှေ့ကုသရန် မှတ်ချက်ပြုခဲ့ပြီး ဆေးရုံမှ ဇူလိုင် ၂၁ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေးဝါးကုသနိုင်ရန် မြင်းခြံထောင်မှ မန္တလေးထောင်သို့ ဩဂုတ် ၈ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီး၌ ငါးကြိမ်အထိ တက်ရောက်ကုသပြီး သမားတော်ကြီးများ၏ ညွှန်ကြားချက်အတိုင်း ကုသဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးရုံတင်ပို့ ကုသနေစဉ် ဖေဖော်ဝါရီ ၄ ရက်၌ ကျောက်ကပ်ပျက်စီးခြင်း၊ ဆီးမသွားနိုင်ခြင်း ရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့ အိုးဘိုထောင်မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

မန္တလေးမြို့ အိုးဘိုထောင်မှ အကျဉ်းသူ မယဉ်မိုးသည် အများသူငါသွားလာသည့် လမ်းပေါ်၌ တာယာကွင်းများအား ဓာတ်ဆီလောင်း၍ မီးရှို့ခြင်း၊ ဆူပူအော်ဟစ်ခြင်း၊ အားပေးကူညီခြင်း ပြစ်မှုများဖြင့် ထောင်ဒဏ်ကျခံနေရသူ တစ်ဦးဖြစ်ပြီး အကျဉ်းထောင် ဥပဒေအရ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသည့် အကျဉ်းသားကို သက်ဆိုင်ရာ အကျဉ်းထောင်ဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးကာ လိုအပ်ပါက ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးလျက်ရှိသည့်အတွက် Mizzima–News in Burmese Facebook Page တွင် ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်း သိရသည်။


**မိဟန်နီ**

## မိုးမောက်မြို့နယ်၌ ဆောင်းသီးနှံသီးထပ် မြေပဲစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**မိုးမောက် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် မံပုံကျေးရွာအုပ်စု ကြံခင်းကျေးရွာ ပိတောက်ရိပ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းရှိအသင်းသားတောင်သူများ၏ ဆောင်းသီးနှံသီးထပ်အဖြစ် မြေပဲစိုက်ပျိုးထားရှိမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင်းရှိ အသင်းသား ၆၂ ဦးက မိုးစပါး ရိတ်သိမ်းပြီးနောက် ဆောင်းသီးနှံသီးထပ်အဖြစ် မြေပဲ ၁၃၁ ဧက စိုက်ပျိုးထားပြီးဖြစ်ရာ ဧပြီလကုန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။ **လွန်းနန်းထွေး**





ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ တာမွေမြို့နယ် မီးသတ်ဦးစီးမှူး တာဝန်ယူဆောင်ရွက်ရသော တာမွေ၊ ဗိုလ်တထောင်မြို့နယ်အတွင်း မီးလန့်မှု၊ မီးလောင်မှုများမဖြစ်ပွားစေရေး တာမွေမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၅ ရက်က မီးသတိမူရေး သတိပေးဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဗလစိုး



နတ်မောက်မြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက်က ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ ကြည့်ရှုအားပေးစဉ်။ လှဝင်း

ချိန်ခါမရွေး
သတိပေး
မီးဘေးကင်းဝေးမှာ

# သမ္မတရွေးကောက်ပွဲအနိုင်ရရှိရန် လမ်းကြောင်းပေါ်ရောက်နေကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးပြော

ဂျကာတာ ဖေဖော်ဝါရီ ၁၅

**အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီရန်တိုက ၎င်းသည် ဗုဒ္ဓဟူးနေ့ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရန် လမ်းကြောင်းပေါ်ရောက်နေကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း တခြားရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း နှစ်ဦးက ရွေးကောက်ပွဲရလဒ်သည် လုံးဝရှင်းရှင်းလင်းလင်း မရှိသေးကြောင်း ပြောကြားခဲ့သည်။**



အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီရန်တို

လတ်တလော မဲရေတွက်မှု စာရင်းများအရ ပရာဘိုဝိုသည် ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းကျော် ရရှိထားသည်။ သို့သော်လည်း နောက်ဆုံးမဲရလဒ် စာရင်း ထုတ်ပြန်ကြေညာသည့် အချိန်အထိ စောင့်ဆိုင်းရဦးမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ယခင် ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း အန်နီးစ်ဘတ်စ်ဝီဒန်က ထောက်ခံမဲ ၂၅ ရာခိုင်နှုန်း ရထားပြီး ဗဟိုဂျာဗားအုပ်ချုပ်ရေးမှူး ဂန်ဂျာပရာနိုဝို သည် ၁၆ ရာခိုင်နှုန်းသာ ရရှိထားသည်။

၎င်းတို့ နှစ်ဦးလုံးသည် မဲရုံတွင်လိမ်လည်မှု များသာမက ပရာဘိုဝို၏ မဲဆွယ်စည်းရုံးမှုတွင် လိမ်လည်မှု ကိစ္စရပ်များကို ထောက်ပြကြသည်။ အန်နီးစ်နှင့် ဂန်ဂျာတို့နှစ်ဦးလုံးသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရေး တောင်းဆိုဖွယ်ရှိသည်။ တရားဝင် မဲစာရင်းရလဒ်ထုတ်ပြန်မှုများကို တစ်လအတွင်း ထုတ်ပြန်ဖွယ်ရှိသည်။ နိုင်ငံတစ်ဝန်း မဲပေးခွင့်ရှိသူပေါင်း သန်း ၂၀၀ ကျော်ရှိပြီး နိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း ၈၂၀၀၀၀ ကျော်သို့ သွားရောက်မဲပေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# အတိုက်အခိုက်ရပ်စဲရေးသဘောတူညီချက် ကြန့်ကြာနေသည့်အတွက် အစ္စရေးဝန်ကြီးချုပ်က ရာဖာတွင် မြေပြင်ထိုးစစ်ဆင်နွှဲရန် ဆုံးဖြတ်ထား

ဂါဇာ ဖေဖော်ဝါရီ ၁၅




အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု

အတိုက်အခိုက်ရပ်စဲရေး သဘောတူညီချက် ကြန့်ကြာနေသည့်အတွက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု သည် ဂါဇာကမ်းမြောင် တောင်ပိုင်းရှိ ရာဖာ၌ မြေပြင်ထိုးစစ်ဆင်နွှဲရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

နိုင်ငံတကာ ပြစ်တင်ဝေဖန်မှုများ မြင့်တက်လာသည့်တိုင် နေတန်ယာဟုက အစ္စရေးသည် ဟားမားစ်တို့ကို အောင်မြင်မှုရရှိသည်အထိ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရာဖာတွင် လူပေါင်း ၁ ဒသမ ၄ သန်းကျော် ခိုလှုံလျက်ရှိသည်။ အစ္စရေးတပ်ဖွဲ့များသည် ဂါဇာအလယ်ပိုင်းနှင့် တောင်ပိုင်းရှိဒေသများတွင် ထိုးစစ်ကို အရှိန်မြှင့်တင် ဆင်နွှဲလျက်ရှိသည်။

လူနာများနှင့် တခြားသူများကို ထွက်ခွာရန် အမိန့်ပေးပြီးနောက် ကြာသပတေးနေ့အထိ ခန်ယွန်နစ်မြို့ တောင်ပိုင်းရှိ နက်ဆာဆေးရုံကို အစ္စရေးတပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အစ္စရေးစစ်ဘက်က ဟားမားစ်တိုက်ခိုက်ရေး သမားများသည် အဆိုပါနေရာတွင် ပုန်းအောင်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပါလက်စတိုင်း ကျန်းမာရေး အာဏာပိုင်များက အဆိုပါ တိုက်ခိုက်မှုတွင် လူနာများစွာနှင့် တိုက်ပွဲရှောင် ရွှေ့ပြောင်းသူများ သေဆုံးခြင်း သို့မဟုတ် ဆေးကုသမှုမခံယူရဘဲ သေဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ နေတန်ယာဟုသည် ယာယီ စစ်ပြေငြိမ်းခြင်းနှင့် ဓားစာခံများ ပြန်လည်လွှတ်ပေးရေး အီဂျစ်တွင် ညှိနှိုင်းလျက်ရှိသော ညှိနှိုင်းဆွေးနွေးမှုများနှင့် ပတ်သက်ပြီး တင်းမာသော သဘောထားရှိသည်။ ကာတာသည် ကြားဝင်စေ့စပ်ညှိနှိုင်းဆွေးနွေးသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ပထမဆုံး အရေးပေါ်ရဟတ်ယာဉ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု စတင်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်၌ ဆေးကုသမှုပေးနိုင်မည့် ပထမဆုံး အရေးပေါ်ရဟတ်ယာဉ်ဝန်ဆောင်မှုကို စတင်တော့မည်ဟု အိန္ဒိယအစိုးရက ဖေဖော်ဝါရီ ၁၅ ရက်တွင် ကြေညာခဲ့သည်။ ပြည်သူ့လေကြောင်းပျံသန်းမှုဆိုင်ရာဝန်ကြီး ဂျေယိုတီရာဒီတီယာ ဆင်ဒီယာက ၎င်း၏လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ကြေညာခဲ့ခြင်း ဖြစ်သည်။

ဥတ္တရာခန်းပြည်နယ်မှ ပြည်သူများကို အသိပေးလိုသည်မှာ ၎င်းတို့ ပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အရေးပေါ်ဆေးကုသမှု ပေးနိုင်မည့် ရဟတ်ယာဉ် ဝန်ဆောင်မှုကို စတင်တော့မည်ဖြစ်ကြောင်း ၎င်းက ကြေညာခဲ့သည်။ အိန္ဒိယဆေးသိပ္ပံအင်စတီကျူတွင် ရဟတ်ယာဉ်တစ်စင်းကို ထားရှိမည်ဖြစ်ပြီး အဝေးပြေးလမ်းမ သို့မဟုတ် အခြားသောနေရာများတွင် ၁၅၀ ကီလိုမီတာအတွင်း မတော်တဆမှု ဖြစ်ပွားပါက ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ကာ ဆေးဘက်ဆိုင်ရာ အဆောက်အအုံသို့ပို့ဆောင်မည်ဟု ၎င်းကဆက်ပြောသည်။

ရဟတ်ယာဉ်ဖြင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းသည် ဝေးလံခေါင်ဖျားသည့်ဒေသရှိ ပြည်သူများအတွက် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုပေးနိုင်ရေးအတွက် အစိုးရ၏ ကနဦးအစီအစဉ်လည်း ဖြစ်သည်။ မတော်တဆမှုကြောင့်ထိခိုက်ဒဏ်ရာရသူများကို အချိန်မီ ဆေးရုံသို့ပေးပို့နိုင်ရေးနှင့် တောင်တန်းဒေသရှိပြည်သူများ မတော်တဆမှု ဖြစ်ပွားပါက ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုအမြန်ဆုံး ပေးနိုင်ရန်အတွက် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန် ပုဂ္ဂလိက လဆင်းယာဉ် လပေါ်သို့လွှတ်တင်

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၅**

အမေရိကန် ကုမ္ပဏီဖြစ်သည့် Intuitive Machines သည် ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက်က လဆင်းယာဉ်ကို အာကာသသို့လွှတ်တင်ခဲ့ကြောင်း သိရသည်။ ဆယ်စုနှစ် ငါးစုစာ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန် အာကာသယာဉ် လပေါ်သို့ ဆင်းသက်နိုင်ရေး အတွက် ရည်ရွယ်ကာ ပြုလုပ်ခြင်းလည်းဖြစ်သည်။




အိုင်အမ် – ဝမ်း ဟု အမည်ပေးထားသည့် အဆိုပါ မစ်ရှင်မှာ ပထမဆုံး စက်ရုပ်တီထွင် အသုံးချမှုနည်းပညာသုံး ပျံသန်းမှုခရီးစဉ်ဖြစ်ပြီး လဆင်းယာဉ်ပေါ်တွင် သိပ္ပံဆိုင်ရာ အချက်အလက်များစွာ ပါဝင်သည်။ အဆိုပါ လဆင်းယာဉ်ကို ဖလော်ရီဒါပြည်နယ် နာဆာ၏ ကနေဒီ အာကာသစခန်းမှနေ၍ စပေ့အိတ်စ်ဖယ်ကွန် ၉ ဒုံးကျည်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ လွှတ်တင်ပြီး တစ်နာရီအကြာတွင် အဆိုပါယာဉ်မှာ ဒုံးကျည်မှ အောင်မြင်စွာ ဖယ်ထွက်နိုင်ပြီဖြစ်ကြောင်း၊ လပေါ်သို့ ဦးတည်ကာ ဆက်လက်ခရီးဆက်နေပြီဖြစ်ကြောင်း နာဆာမှ အတည်ပြုခဲ့သည်။

မစ်ရှင်၏သိပ္ပံနည်းကျ အချက်အလက်များတွင် ရေဒီယိုနက္ခတ္တဗေဒနှင့် အာကာသရာသီဥတုတို့ လမျက်နှာပြင်နှင့် ဆက်စပ်မှုတို့ကို လေ့လာမှုများ ပါဝင်မည်ဖြစ်သည်။ တိကျသော ဆင်းသက်ခြင်း နည်းပညာများနှင့် ဆက်သွယ်ရေးနှင့် လမ်းကြောင်းပြဆိုင်ရာ စွမ်းရည်များကို ပြသသွားမည်ဖြစ်ကြောင်း နာဆာ၏ ထုတ်ပြန်ချက်အရ သိရသည်။ နာဆာသည် အမေရိကန်ကုမ္ပဏီ အချို့နှင့် ပူးပေါင်းကာ လမျက်နှာပြင်ပေါ်သို့ သိပ္ပံနှင့် နည်းပညာ အချက်အလက်များ ပို့ဆောင်ရန် ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၆၂ ဦးအထိရှိလာ

**မနီလာ ဖေဖော်ဝါရီ ၁၅**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုဒီ အိုရိုပြည်နယ်၌ ဖေဖော်ဝါရီ ၆ ရက်ကဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ၆၂ ဦး အထိရှိလာပြီဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောသည်။ ပျောက်ဆုံးနေဆဲဖြစ်သည့် ၃၆ ဦးကို ဆက်လက်ရှာဖွေနိုင်ရေးအတွက် ကယ်ဆယ်ရေးသမားများက ကြိုးပမ်းနေဆဲဖြစ်ကြောင်း ပြည်နယ်အစိုးရက ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

သေဆုံးသူများနှင့် ပျောက်ဆုံးသူများထဲတွင် ရွှံ့နွံများ၊ ကျောက်တုံးများနှင့် သစ်ပင်များအောက်တွင်ပိတ်မိနေသည့် ဘတ်စ်ကားနှစ်စီးပေါ်မှ မိုင်းတွင်းလုပ်သားများပါဝင်ကြောင်း၊ အဆိုပါဘတ်စ်ကားနှစ်စီးမှာ မိုင်းတွင်းလုပ်သားများကို သယ်ယူပို့ဆောင်ရေး လုပ်ဆောင်ပေးသည့် ကားများဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးအန္တရာယ်ခံစားရသည့် ကမ္ဘာ့နံပါတ်တစ်နိုင်ငံဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့ဘေးအန္တရာယ် အညွှန်းကိန်းတွင် ထည့်သွင်းဖော်ပြထားသည်။

**ဆင်ဟွာ**



## လက်ပံတန်းမြို့ လောကဥသျှောင်မြဘုန်းရောင်စေတီတော် (၁၂၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**လက်ပံတန်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ကျက်သရေဆောင် လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရာ စွယ်တော်တိုက်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့၍ မဟာဇေယျကျောင်းတိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားပြုလုပ်ပြီး မဟာပဋ္ဌာန်းပူဇော်၍ ပွဲတော်ကို ဖွင့်လှစ်သည်။

လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ နှစ်ကျိပ်ရှစ်ဆူဘုရားများအား သတ်မှတ်ရက်အလိုက် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ လှည့်လည်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ပြုန်းပွဲကျင်းပခြင်း၊ ထမနဲထိုးပွဲကျင်းပခြင်း၊ "မိဘမေတ္တာ" မြန်မာသံစဉ်တေးဂီတဖျော်ဖြေပွဲနှင့်ဧည့်ခံခြင်းများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့နယ် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သရုပ်ပြပွဲတက်ရောက်

**မုံရွာ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြပွဲကျင်းပသည့် ဟုမ္မလင်းမြို့နယ် ကွင်းအမှတ်(၆၄) ဦးပိုင်အမှတ်(၃၇) တောင်သူဦးသန်းဝင်း၏ နွေစပါးတင်း ၁၂၀ အထက် ထွက်ရှိရေး ဆောင်ရွက်ထားသည့် နွေစပါး ၁၀ ဧက စံပြကွက်ပြပွဲသို့ တက်ရောက်သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စုစုထွေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းတို့က ဟုမ္မလင်းခရိုင်အတွင်း မိုးစပါးဧက ၆၄၁၆၀ စိုက်ပျိုးထားရှိမှု၊ နွေစပါးဧက ၁၁၀၂၀ လျာထားစိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေနှင့် နည်းပညာ စသည့်လေးမျိုးသည် အဓိကဖြစ်ပါကြောင်း၊ ဟုမ္မလင်းဒေသသည် ဆန်ဖူလုံပိုလျှံမှုရှိသဖြင့် နာဂဒေသအပါအဝင် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဒေသမျိုးစပါးများအပြင် သက်တမ်းတိုအထွက်နှုန်းကောင်းသည့် စပါးမျိုးများစိုက်ပျိုးခြင်းဖြင့် သီးထပ်စိုက်စွမ်းအားများ တိုးတက်လာမည်ဖြစ်ပြီး တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ပေးခဲ့ကာ တာဝန်ရှိသူများနှင့်အတူ တောင်သူများအား ရွက်ဖျန်းမြေဩဇာများနှင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပိုင်း မိုင်တိုင်အမှတ် (၂၀၀/၆) မှ (၂၀၁/၆)အထိ အကျယ် ၁၈ ပေ၊ ထု ရှစ်လက်မဖြင့် အရှည် တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နာဂဒေသနှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုစေမည့် ချင်းတွင်းတံတား (ထမံသီ) ချဉ်းကပ်လမ်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ အမှတ်( ၂ ) တံတားတည်ဆောက်ရေး အထူးအဖွဲ့မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်နှင့် တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်းတို့က တံတားချဉ်းကပ်လမ်းအရှည် ၃ ဒသမ ၉၅ ကီလိုမီတာ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် တည်ဆောက်ရေးအဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့မစည်ပင်သာယာဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က ကွက်သစ်ရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးကြီး၌ ဆောင်ရွက်စဉ်။

ကိုဇော်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းစင်တာ၌ မီးဘေးလုံခြုံရေးအတွက် လိုက်လံစစ်ဆေးခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထိန်လင်းနှင့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၄ ရက်က ဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို အကြံပြုပြောကြားနေစဉ်။ လှလှထွေး(ပြန်/ဆက်)



| ယနေ့ဈေးကွက်ပေါက်ဈေးများ | | ၁၅ - ၂ - ၂၀၂၄ |
|---|---|---|
| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၄၃၇ | ၃၇၆၁၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၂၂၆၂ | ၆၅၆၀၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၄၇၀ | ၁၅၇၂၈၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၁၈၀ | ၃၂၇၀၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂ | ၉၆၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၂၀၃ | ၃၄၅၃၅၀ |




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်- ၁ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း( ၆ )ရက်
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ( ၁၅ )ရက်

၁။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | နည်းပြ(စိုက်ပျိုးရေး/ မွေးမြူရေး) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂၀၀)နေရာ | B.Agr.Sc/ B.V.Sc/ B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၂) | ဒုတိယနည်းပြ(စိုက်ပျိုးရေး/ မွေးမြူရေး) (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၂၀၄)နေရာ | B.Agr.Sc/B.V.Sc/ B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၃) | ဒုတိယလက်ထောက်ဦးစီးမှူး (ကွင်းဆင်းလက်ထောက်) (စိုက်ပျိုးရေး)/(မွေးမြူရေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၉၈)နေရာ | B.Agr.Sc/ B.A.Sc ဘွဲ့ရ/ Dip.Agri အောင်လက်မှတ်ရ/ Dip.AH(မွေးမြူရေး ဒီပလိုမာ)အောင်လက်မှတ်ရ |
| | စုစုပေါင်း | (၅၀၂)နေရာ | |

၂။ လျှောက်ထားသူသည်-
(က ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) ၂၉-၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
( ဂ ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ တာဝန်ချထားသည့်ဒေသတွင် (၃)နှစ်တာဝန်ထမ်းဆောင်ပြီးပါက စိုက်ပျိုးရေးဦးစီးဌာနရှိ လစာနှုန်းတူ အခြားရာထူးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရှိသည်။
( င ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါ အထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ၈ -၃- ၂၀၂၄ ရက်နေ့အရောက် ပေးပို့ လျှောက်ထားရမည်။
(က) အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)
( ခ ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)
( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓါတ်ပုံ(၂)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
( စ ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့်အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ယင်းရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးရုံးစိုက်ရာဒေသများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့တွင် စာစစ်ဌာနများ ဖွင့်လှစ်၍ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ပါသဖြင့် မိမိတို့ဖြေဆိုမည့်စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

**စာစစ်ဌာန**

| | | |
|---|---|---|
| (က) | ကချင်ပြည်နယ်ဦးစီးမှူးရုံး | မြစ်ကြီးနားမြို့ |
| ( ခ ) | ကရင်ပြည်နယ်ဦးစီးမှူးရုံး | ဘားအံမြို့ |
| ( ဂ ) | ချင်းပြည်နယ်ဦးစီးမှူးရုံး | ဟားခါးမြို့ |
| (ဃ) | စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး | မုံရွာမြို့ |
| ( င ) | ဟုမ္မလင်းမြို့နယ်ဦးစီးမှူးရုံး | ဟုမ္မလင်းမြို့ |
| ( စ ) | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး | ထားဝယ်မြို့ |
| (ဆ) | ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး | ပဲခူးမြို့ |
| ( ဇ ) | ပဲခူးတိုင်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး | ပြည်မြို့ |
| ( ဈ ) | မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး | မကွေးမြို့ |
| (ည) | မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး | မန္တလေးမြို့ |
| ( ဋ ) | မွန်ပြည်နယ်ဦးစီးမှူးရုံး | မော်လမြိုင်မြို့ |
| ( ဌ ) | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | စစ်တွေမြို့ |
| ( ဍ ) | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး | အင်းစိန်မြို့ |
| ( ဎ ) | ရှမ်းပြည်နယ်ဦးစီးမှူးရုံး | တောင်ကြီးမြို့ |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး | ပုသိမ်မြို့ |
| (တ) | နေပြည်တော် | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |

၇။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို နည်းပြနှင့်ဒုတိယနည်းပြရာထူးများအတွက် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင်(၂)နာရီဖြင့်လည်းကောင်း၊ ဒုတိယ လက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်)ရာထူးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များပါဝင်သော (၂) နာရီမေးခွန်းဖြင့်လည်းကောင်း အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်-

**(က) နည်းပြ၊ ဒုတိယနည်းပြရာထူး**

| စဉ် | ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (၁) | မြန်မာစာ | ၁၆ - ၃ -၂၀၂၄ | (၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ) |
| (၂) | အထွေထွေ ဗဟုသုတ | ၁၆ - ၃ -၂၀၂၄ | ( ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ) |
| (၃) | အင်္ဂလိပ်စာ | ၁၇ - ၃ - ၂၀၂၄ | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |

**(ခ) ဒုတိယလက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်)ရာထူး**

| စဉ် | ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (၁) | မြန်မာစာ | ၁၆-၃-၂၀၂၄ | (၁၀:၀၀နာရီမှ၁၂:၀၀နာရီထိ) |
| (၂) | အင်္ဂလိပ်စာ | | |
| (၃) | အထွေထွေဗဟုသုတ | | |

၈။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၅- ၃ -၂၀၂၄ ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး များ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm/doa နှင့် အပိုဒ်(၁၀)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇- ၃၄၁၀၅၁၇/၀၆၇-၃၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 12U/6809, Dongben DB 150 ZH ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွေး ၁၄/ကခန(နိုင်)၀၈၃၃၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၈၆၅၇ Yin Xiang-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မိုးမြင့်သူ ၉/မရတ (နိုင်)၁၁၂၄၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/97283 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဝင်းတင် ၅/ငဇန(နိုင်) ၀၃၈၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### အလိမ္မာ စာမှာရှိ

### ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၂-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃)၊ ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့) ၏ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 59U/22731 အစား 59W/22731 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၂-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်တင်မာအောင် အစား ဒေါ်တင်မာအေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၂၉၊ ဦးပိုင်အမှတ် (၃၃)၊ ၅၇x၅၈ လမ်းကြား၊ ၁၃၉ A လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဇော် ၁၃/တကန(နိုင်)၂၅၀၇၅၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၈၇၇/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်ဆန်းဦး ၆/သရခ(နိုင်)၀၀၀၉၀၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၀

ကွယ်လွန်သူ ဦးမြသန်းနှင့် ဒေါ်အေးရှိန် တို့၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၃)၊ အုပ်စု အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၃၃)၊ မြေချိန်ဧရိယာ(၀ဒသမ၀၉၀) ဧကဖြစ်ပြီး ယင်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၁၉)၊ သိမ်ကုန်းလမ်း၊ ဘိုကုန်းရပ်ကွက်ဟု ခေါ်တွင်သော (၁)ထပ်နေအိမ်အဆောက်အအုံ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြသန်းနှင့် ဒေါ်အေးရှိန်တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးအောင်ဒီမိုထွေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်)တွင် ဆိုင်ဆိုကြားနာ ရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြသန်းနှင့် ဒေါ်အေးရှိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆို လိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးအောင်ဒီမိုထွေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

